ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ရက်၊ သောကြာနေ့၊ (13-5-2011) (၆၇၅၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌအား ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၁၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော် လေဆိပ်မှ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၃-၅-၂၀၁၁
(သောကြာနေ့)

ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း

မြန်မာ့ယဉ်ကျေးမှုသည် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ထွန်းကားလာခဲ့သည်။ မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် လူသားမျိုးနွယ်အဖြစ် စတင်ပေါ်ပေါက်လာသည်မှအစပြု၍ ယဉ်ကျေးမှုနယ်ပယ်အသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ရှေးနှစ်ပေါင်းများစွာကပင် မြန်မာတို့၏ ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်လာနိုင်ခဲ့သည်ကို မြေပေါ်ယဉ်ကျေးမှုအမွေအနှစ်များ၊ မြေအောက်မှ တူးဖော်ရရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များက ခိုင်ခိုင်မာမာညွှန်ပြနေပေသည်။

မြို့ပြယဉ်ကျေးမှုများ ထွန်းကားလာခဲ့ရာ ဗိဿနိုး၊ တကောင်း၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမောစသည့် မြို့ဟောင်းတို့ကို တူးဖော်သုတေသနပြုခဲ့ရာ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများနှင့် ဝတ္ထုပစ္စည်းများစွာကို ရှာဖွေတွေ့ရှိခဲ့သည်။ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတွင် ရှေးဟောင်း ဘုရားစေတီပုထိုးပေါင်းများစွာကို ဖူးတွေ့နိုင်သည်။

ဘုရားကျောင်းကန်များရှိ နံရံဆေးရေးပန်းချီနှင့် ရှေးဟောင်းအဆောက်အအုံများရှိ အနုပညာမြောက် လက်ရာအများအပြားကိုလည်း လေ့လာတွေ့ရှိနိုင်ဆဲဖြစ်သည်။ ထို့အတူ မန္တလေးရှေးဟောင်းနယ်မြေရှိ မင်္ဂလာတံခါး၊ နန်းမြို့ရိုးပြာသာဒ်ဆောင်များ၊ သုဓမ္မာဇရပ် ၁၉ ဆောင်၊ ရွှေနန်းတော်ကျောင်းနှင့် မဟာအတုလဝေယံကျောင်းတော်ကြီးတို့တွင်လည်း ရှေးဟောင်းအနုပညာလက်ရာများကို တွေ့ရှိနိုင်သည်။

အဆိုပါ သမိုင်းတန်ဖိုးကြီးမားလှသည့် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံနှင့် အမွေအနှစ်ပစ္စည်းများသည် နှစ်ကာလကြာရှည်လာသည်နှင့်အမျှ ပျက်စီးဆုံးရှုံးသွားနိုင်သည်။ ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ရှေးဟောင်းလက်ရာများ မပျက်စီးစေရန် နိုင်ငံတော်က ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသည် မြန်မာတို့၏ မျိုးရိုးဇာတိဂုဏ်ထည်ဝါခဲ့ညားမှုကို ဖော်ညွှန်းပြသနေသည်။ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံးက ဘိုးဘွားအမွေအနှစ် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများ၊ အနုပညာလက်ရာများကို ဒေသအလိုက် ဝိုင်းဝန်းဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်ခံ့နေမည်ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M.Barber သည် ယမန်နေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

ကယားပြည်နယ်၌ စီမံကိန်းတာဝန်ပေးအပ်

နေပြည်တော် မေ ၁၂

ကယားပြည်နယ် ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရိုင်အုပ်ချုပ်ရေးမှူးနှစ်ဦးနှင့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့် တာဝန်ရှိသူများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေး အလုပ်သမားဆေးရုံကြီးမှ ကွင်းဆင်းကုသအဖွဲ့ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၌ ကွင်းဆင်းကုသ

နေပြည်တော် မေ ၁၂

မန္တလေးအလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှမိုး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၏ နယ်လှည့်ကွင်းဆင်းဆေးကုသမှုအဖွဲ့သည် မေ ၁၀ ရက်တွင် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ၌ အာမခံအလုပ်သမားလူနာ ၁၈၄ ဦးနှင့် ချမ်းမြသာစည်မြို့နယ် ရွှေပရိဘောဂပုဂ္ဂလိကပိုင်စက်ရုံမှ အာမခံအလုပ်သမားလူနာ ၉၄ ဦးတို့အား ဆေးကုသပေးကြပြီး ဆေးရုံအုပ်ကြီးက လူမှုဖူလုံရေးအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိသော အခမဲ့ဆေးကုသမှုနှင့် ငွေကြေးအကျိုးခံစားခွင့်အကြောင်း၊ လူမှုဖူလုံရေးစီမံကိန်းနှင့်ဆောင်ရွက်နေသော ဝန်ဆောင်မှုများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ကွင်းဆင်းဆေးကုသမှုအဖွဲ့တွင် နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး၊ အထွေထွေခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်၊ အထွေထွေရောဂါကုဆရာဝန်၊ ခံတွင်းနှင့်သွားဘက်ဆိုင်ရာ ဆရာဝန်နှင့် အကြောအဆစ်ဆေးကုသမှု ကျွမ်းကျင်သူနှင့် ကျန်းမာရေးဝန်ထမ်း ၂၇ ဦးတို့ ပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ပေါ်လွင်ထင်ရှားသိသာအောင် ထူးခြားဆန်းသစ်သည့် ပြကွက်များဖြင့် ခင်းကျင်းပြသ

ရန်ကုန် မေ ၁၂

ပြတိုက်ခင်းကျင်းမှုကို နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ဒြပ် စွမ်းဆောင်နိုင်မှု၊ အဆင့်အတန်းမြင့်မားကြွယ်ဝသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပေါ်လွင်ထင်ရှားသိသာအောင် ထူးခြားဆန်းသစ်သည့် ပြကွက်များဖြင့် လာရောက်လေ့လာသူများ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသနိုင်ရေးအတွက် အမြဲတမ်း တီထွင်ကြံဆဆောင်ရွက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မေ ၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ် စန္ဒာ ခင် မော်လမြိုင်မြို့ ယဉ်ကျေးမှု ပြတိုက်၌ ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီးသည် မေ ၈ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကိုလည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် ခရုံဂူကိုလည်းကောင်း၊ မေ ၉ ရက်တွင် ဘားအံမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကိုလည်းကောင်း၊ မေ ၁၀ ရက်တွင် ရှေးဟောင်း အမွေအနှစ်ဇုန်အဖြစ် သတ်မှတ်ထားသည့် ကော့ဂွန်းဂူ၊ ရသေ့ပျံ့ဂူ၊ ဆဒ္ဒန်ဂူ၊ ကော့ကသောင်ဂူ၊ ဘုရင်ညီနောင်ဂူနှင့် လှကဒေါင်ကျေးရွာရှိ ရှေးဟောင်းကုန်းများကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်းအား သွားရောက်တွေ့ဆုံပြီး ပြည်နယ်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ် မြေနီကုန်းဗားကရာလမ်းနေ ဦးဇော်ဇော်ထွန်း-ဒေါ်ခင်အေး၊ သား မောင်ဇေယျာဦး၊ သမီး မအိမွန်ဇော်မိသားစုက နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။

(ကြေးမုံ)

မုဒုံမြို့နယ်၌ ဗီဒီယိုအခြေခံအဖွဲ့ရုံးသစ်ဖွင့်

နေပြည်တော် မေ ၁၂

မွန်ပြည်နယ် မုဒုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ရုံး ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက်တွင် မုဒုံမြို့ မြို့မ(၁)ရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးချန်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌတို့က ရုံးသစ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ရုံးသစ် တည်ဆောက်မှုအတွက် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့များက အလှူငွေများလှူဒါန်းကြရာ ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရုံးအဆောက်အအုံသစ်ကို ငွေကျပ် ၇၅ သိန်း အကုန်အကျခံ၍ RC တစ်ထပ်တိုက်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ညနေ ၄ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

တွေ့ဆုံဆွေးနွေးပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou တို့သည် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာအခြေအနေနှင့် ဒေသတွင်းအခြေအနေ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် တရုတ်-မြန်မာတပ်မတော်နှစ်ရပ်အကြား သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့ တက်ရောက်၍ လက်မှတ်ရေးထိုးကြပြီး တပ်မတော်အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် လဲလှယ်ကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မေ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်သို့ တရုတ်တပ်မတော်အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်းဟွာနှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

Shine သွားတိုက်ဆေး အထူးဆုရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၂

Shine သွားတိုက်ဆေး ဝယ်ယူသုံးစွဲသူများအတွက် ငွေကျပ်သိန်း ၅၀၀ ကံစမ်းမဲအစီအစဉ်မှ ဒုတိယဆု ငွေကျပ်သိန်း ၅၀ နှင့် အထူးဆုအဖြစ် ကိုရီးယားခရီးစဉ် ကံထူးရှင်ရွေးချယ်ပွဲကို မေ ၇ ရက်က ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပရာ အရောင်းကိုယ်စားလှယ်များနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ Division Head မှ ရှင်းလင်းပြောကြားပြီး ဒုတိယဆုငွေကျပ် သိန်း ၅၀ ကို ကံစမ်းမဲနံပါတ် (၀၁၅၀၂၉၇)က လည်းကောင်း၊ ကိုရီးယားခရီးစဉ် ကံထူးရှင်အဖြစ် ကံစမ်းမဲနံပါတ်(၀၁၀၄၉၄၆)က လည်းကောင်း ရရှိသွားကြပြီး တာဝန်ရှိသူများက အခြားအဖိုးတန်ဆုမဲပေါင်း ၁၆၀ ကျော်ကိုလည်း မဲနှိုက်ရွေးချယ်ကြသည်။

Shine သွားတိုက်ဆေး၏ ကံစမ်းမဲအစီအစဉ်အရ ကျန်ရှိနေသော ပထမဆု ရွှေ ၁၀ ကျပ်သားနှင့် အခြားဆုမဲများကို ဇူလိုင်လအတွင်း ထပ်မံဖွင့်လှစ်ချီးမြှင့်ပေးသွားမည်ဟု သိရသည်။

ဆက်သွယ်ဝယ်ယူ

Shine သွားတိုက်ဆေးများကို အမှတ်(၄၂) ရန်နိုင်ဆွေ (၂)လမ်း သာကေတစက်မှုဇုန် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆၂၄၈၃၂၊ ၀၉-၈၆၂၇၃၀၁ နှင့် ၀၁-၄၅၀၆၈၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၁၉၈၁-၂၀၁၁ ခုနှစ် အထက(၁)စမ်းချောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို မေ ၁ ရက်က အဆိုပါကျောင်း၌ ကျင်းပစဉ်။ (ကြေးမုံ)

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းများ ဇွန် ၆ ရက် ဖွင့်မည်

နေပြည်တော် မေ ၁၂

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၌ ဖွင့်လှစ်မည့် သင်တန်းများကို ဇွန် ၆ ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေ ၃၀ ရက် ထက်မစော၊ ဇွန် ၃ ရက် ထက်နောက်မကျဘဲ ရောက်ရှိသတင်းပို့ကြရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ နှိုးဆော်အကြောင်းကြားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဈေးကောင်းရမည့် ဖရဲသခွား (သို့မဟုတ်) သခွားမွှေး

ဂန့်ဂေါ မေ ၁၂

ဂန့်ဂေါမြို့နယ် ပျားကျေးရွာအနီးတွင် တောင်သူ ဦးလှကြင်နှင့် ဦးတင်ဌေးဝင်းတို့က သခွားမွှေးဟုခေါ်ဆိုသည့် ဖရဲသခွားနှင့် ရွှေသခွားတို့ကို စတင်စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ဂန့်ဂေါမြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အကြံပြုတိုက်တွန်းသဖြင့် အဆိုပါ သခွားမျိုးများကို မြေ သုံးဧက၌ အပင်ရေ ၃၀၀၀၀ စမ်းသပ်စိုက်ပျိုးခြင်းဖြစ်သည်ဟု ဆိုသည်။

အလေးချိန် ၆၂ ကျပ်ခွဲသားနှင့်အထက်ရှိ သခွားသီးများကို မူဆယ်မြို့မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့မည့် ကုန်သည်နှင့် ဆက်သွယ်ရောင်းချသွားမည်ဟု အဆိုပါ သခွားစိုက်တောင်သူများက ပြောကြားသည်။

ထိုသို့ ရောင်းချရာတွင် ၆၂ ကျပ်ခွဲသားနှင့်အထက် အလေးချိန်ရှိ သခွားသီးတစ်လုံးကို ငွေကျပ် ၉၀၀ ရရှိနိုင်ကြောင်းနှင့် ယခုနှစ်တွင် သခွားမွှေးအလုံးရေ တစ်သောင်းခွဲထွက်ရှိမည်ဟု ခန့်မှန်းကြောင်း သိရသည်။ (၄၆၅)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ မဟာဂီတချိုကြည်မြ
၄း၃၀ ၅။ ဇာတ်လမ်းတို
၄း၃၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ၈။ အိုင်စီတီသုတ
၅း၀၀ ၉။ အားလုံးရဲ့တာဝန်
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာကသက်ရှိသတ္တဝါများ (အပိုင်း-၁၀)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၇)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ စိုက်ပျိုးသုတ
၂၃။ သံစဉ်များနှင့်ကမ္ဘာ
၂၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၄)**
၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၂၈။ သင့်အတွက်မနက်ဖြန်

စီချွမ်ငလျင်ဘေးဒုက္ခသည်များ အောက်မေ့ဖွယ်အထိမ်းအမှတ် မြေငလျင်ဆိုင်ရာပြတိုက် တရုတ်နိုင်ငံတွင် ဖွင့်လှစ်

ချန်ဒူး မေ ၁၂

၂၀၀၈ ခုနှစ်တွင် လှုပ်ခတ်ခဲ့သော ဝမ်ချွမ်ငလျင်ဘေးဒုက္ခကျရောက်ခဲ့သည့် တတိယနှစ်ပတ်လည်နေ့မတိုင်မီ တစ်ရက်အလိုဖြစ်သည့် မေ ၁၁ ရက်တွင် တရုတ်နိုင်ငံ၏ ပထမဆုံးသောမြေငလျင်ဆိုင်ရာပြတိုက်ကို ငလျင်ဒဏ်သင့်စီချွမ်ပြည်နယ်၌ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ ၂၀၀၈ ခုနှစ် မေ ၁၂ ရက်တွင် လှုပ်ခတ်ခဲ့သော ဝမ်ချွမ်ငလျင်တွင် လူပေါင်းရှစ်သောင်းကျော် သေကျေပျောက်ဆုံးခဲ့ရသည်။

ယခုဖွင့်လှစ်လိုက်သော မြေငလျင်ဆိုင်ရာပြတိုက်သည် အကျယ်အဝန်းစတုရန်းမီတာ ၁၄၀၀၀၀ ရှိပြီး စီချွမ်ပြည်နယ် ချန်ဒူးမြို့ တာ့ယီခရိုင် အန်ယန်းမြို့ကလေးတွင် တည်ရှိသည်။ ယင်းပြတိုက်တွင် အဓိကကဏ္ဍကြီးခြောက်ခုခွဲဝေပြသထားပြီး ပြခန်းငယ် ၂၇၀ နှင့် ဓာတ်ပုံပေါင်း ၅၅၉ မျိုးကို ခင်းကျင်းပြသထားသည်။ ပြတိုက်၏အရှေ့ဘက်ရင်ပြင်တွင် မြေငလျင်လှုပ်ခတ်ပျက်စီးဆုံးရှုံးမှုမြင်ကွင်းကို အုတ်ကျိုးအုတ်ပဲ့များ အသုံးပြု၍ ပုံစံငယ်တည်ဆောက်ပြသထားသည်။ လိမ္မော်ရောင်နှင့် မီးခိုးရောင်များ ပေါင်းစပ်ထားသည့် ကုဗပုံဗိသုကာလက်ရာဖြင့် တည်ဆောက်ထားသည့်ပြတိုက်ကို တရုတ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးစု ၅၆ မျိုးတို့က စုစည်းညီညွတ်စွာဖြင့် သဘာဝဘေးဒုက္ခများကို ရင်ဆိုင်အောင်နိုင်ပုံကို ကိုယ်စားပြု၍ တိုင်ရှည်ကြီး ၅၆ လုံးဖြင့် ထောက်ကူတည်ဆောက်ထားသည်။ ပြပွဲခန်းမကြီးနှင့် အခြားသောပြခန်းများတွင် မြေငလျင်ဘေးဒုက္ခသည်များ၏ ဓာတ်ပုံများနှင့် ယင်းတို့အား ကူညီစောင့်ရှောက်ကြသည့် ပြည်သူတို့၏ဓာတ်ပုံများ ပြသထားသည်။

အဆိုပါပြတိုက်ကို ရှန်ဟိုင်းမြို့ တုန်ကျိတက္ကသိုလ်မှ ပုံစံရေးဆွဲပေးခဲ့ပြီး တည်ဆောက်မှုကုန်ကျငွေမှာ ယွမ်ငွေ သန်း ၂၃၀ (အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၈၅ သန်း)ဖြစ်သည်။ ၂၀၀၈ ခုနှစ် မေလ ၁၂ ရက်တွင် အင်အား မဂ္ဂနီကျု ၈ ဒသမ သုည ခန့်ရှိသည့် မြေငလျင်ကြီး စီချွမ်ပြည်နယ်တွင်လှုပ်ခဲ့ရာ အိမ်နီးချင်းပြည်နယ်ဖြစ်သည့် ကန်းဆုနှင့် ချန်စီးပြည်နယ်များအပါအဝင် ငလျင်ဒဏ်သင့်ဒေသများ၌ လူဦးရေ ၈၇၀၀၀ ကျော် သေကျေပျောက်ဆုံးရပြီး ပေချန်းပြည်နယ်တွင် လူနှစ်သောင်းနီးပါးခန့် သေဆုံးခဲ့ရသည်။ **အင်တာနက်။**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ တည်ဆောက်ဖွင့်လှစ်ခဲ့သော မြေငလျင်ဆိုင်ရာပြတိုက်၌ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

အိန္ဒိယဝန်ကြီးချုပ်နှင့် အာဖဂန်နစ္စတန်သမ္မတတို့ကို ကဘူးမြို့ သမ္မတနန်းတော်၌ မေ ၁၂ ရက်က တွေ့ရစဉ်။

တာလီဘန်များနှင့် ပြန်လည်သင့်မြတ်ရေး အာဖဂန်၏ကြိုးပမ်းမှု အိန္ဒိယနိုင်ငံ ထောက်ခံ

ကဘူး မေ ၁၂

တာလီဘန်သောင်းကျန်းသူများနှင့် ပြန်လည်သင့်မြတ်ရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံ၏ ကြိုးပမ်းမှုများကို မိမိတို့ ခိုင်မာစွာ ထောက်ခံသွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်အား ကြာသပတေးနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်အနေဖြင့် လိုအပ်နေသော အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ရာတွင် အိန္ဒိယနိုင်ငံ၏ အကူအညီများကို မှီခိုအားပြုနိုင်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် အာဖဂန်နစ္စတန်နိုင်ငံသို့ နှစ်ရက်ကြာအလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိလျက်ရှိသည်။

လက်ရှိအခြေအနေအရ အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အကြားနှစ်နိုင်ငံဆက်ဆံရေးသည် ၎င်းတို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ပါကစ္စတန်နိုင်ငံအား ယုံကြည်မှုမရှိခြင်းအပေါ် တစ်စိတ်တစ်ပိုင်း အခြေခံတည်ဆောက်ထားကြောင်း ယူဆနိုင်သည်။

အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံများအတွင်းရှိ စစ်သွေးကြွလှုပ်ရှားမှုများကို ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့များက အားပေးမြှောက်ပင့်ခြင်း သို့မဟုတ် ရန်ပုံငွေထောက်ပံ့ခြင်းများ ပြုလုပ်နေကြောင်း ယင်းနှစ်နိုင်ငံလုံးက စွပ်စွဲပြစ်တင်ထားသည်။

ဒေသတွင်းတည်ငြိမ်ရေး၊ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနှင့် အိန္ဒိယနှင့် အာဖဂန်နစ္စတန်အကြား မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး တည်ဆောက်ရန်တို့နှင့်စပ်လျဉ်း၍ အိန္ဒိယဝန်ကြီးချုပ်က အာဖဂန်နစ္စတန်သမ္မတနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

အယ်လ်ခိုင်ဒါ ခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးပြီးနောက် အနောက်အုပ်စုနိုင်ငံများအနေဖြင့် ၎င်းတို့၏ တပ်ဖွဲ့များကို အာဖဂန်စစ်မြေပြင်မှ ပြန်လည်ရုပ်သိမ်းရေးအတွက် ဖိအားများ ရင်ဆိုင်နေရခြင်းကြောင့် အာဖဂန်နစ္စတန်နိုင်ငံသည် ၎င်း၏ ပြည်တွင်း တည်ငြိမ်ရေးအတွက် အိန္ဒိယကဲ့သို့သော ဒေသတွင်း နိုင်ငံများကို ပိုမိုမှီခိုလာရဖွယ်ရှိသည်။ **အေပီ။**

ရုရှားနှင့် ပါကစ္စတန် အကြမ်းဖက်နှင့် မူးယစ်မှောင်ခို ပူးတွဲတိုက်မည်

မော်စကို မေ ၁၂

ရုရှားနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ ခေါင်းဆောင်များသည် အာရှတိုက်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ခြင်းကို တားဆီးရေးနှင့် အကြမ်းဖက်သမားများအား တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် ကတိကဝတ်ပြုကြသည်။

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီတို့သည် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ကြာသပတေးနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံ နိုင်ငံရေးအရ ဆက်ဆံရေးနှင့် စီးပွားရေးကဏ္ဍများကို တိုးမြှင့်ရန် တောင်းဆိုသည့် ပူးတွဲကြေညာချက်အား သမ္မတနှစ်ဦးက လက်မှတ်ရေးထိုးခဲ့ကြသည်။

တာ့ဂျ်မင်နစ္စတန်မှ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် အိန္ဒိယတို့ကို ဆက်သွယ်သော ပိုက်လိုင်းတည်ဆောက်ရေးတွင် ပါကစ္စတန်နိုင်ငံ ပါဝင်ရေးအတွက် ရုရှားက ဆွေးနွေးခဲ့သည်။

ယင်းအပြင် ကရာချိရှိ သံမဏိစက်ရုံခေတ်မီရန် ပြုပြင်ရေးနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးတွင် အကူအညီပေးရန် စိတ်ဝင်စားကြောင်း ပြောကြားခဲ့သည်။

ယခုလ စောစောပိုင်းက ပါကစ္စတန်နိုင်ငံ၌ အိုစမာဘင်လာဒင် အသတ်ခံရပြီးနောက် သမ္မတ ဇာဒါရီ၏ ပထမဆုံးအကြိမ် ပြည်ပခရီးစဉ်ဖြစ်သည်။ **အေပီ။**

သုံးနှစ်အတွင်း အာဖဂန်နစ္စတန်မှ တပ်ဖွဲ့ဝင် ၇၀၀၀၀ အမေရိကန် ရုပ်သိမ်းမည်

ကဘူး မေ ၁၂

အမေရိကန်နိုင်ငံသည် လာမည့်သုံးနှစ်တာကာလအတွင်း အာဖဂန်နစ္စတန် နိုင်ငံမှ တပ်ဖွဲ့ဝင် ၇၀၀၀၀ ကို ရုပ်သိမ်းမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ၌ထုတ်ဝေသော ဒေးလီးတယ်လီဂရပ်ဖ်သတင်းစာက မေ ၁၂ ရက်တွင် ရေးသားဖော်ပြ သည်။

အမေရိကန်အိမ်ဖြူတော်သည် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရေးကိစ္စကို ဆွေးနွေးလျက်ရှိကြောင်း၊ အနာဂတ်ကာလ၌ ယင်းနိုင်ငံ၏ စစ်ဆင်ရေးလုပ်ငန်း များဆောင်ရွက်ရာတွင် အထူးတပ်ဖွဲ့ဝင်များအပေါ် ပိုမိုမှီခို အားထားလာမည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။ **အင်တာနက်။**

သမ္မတဟောင်း၏ အဆုတ်ထဲမှ တွေ့ရသော အပ်တစ်ချောင်းကြောင့် ကိုရီးယားအရှေ့တိုင်းဆေးပညာရှင်များအကြား ငြင်းခုံပွဲကြီးဖြစ်ပွား

ဆိုးလ် မေ ၁၂

တောင်ကိုရီးယားသမ္မတဟောင်း ရိုတေဝူး၏ အဆုတ်ထဲ၌ အပ်တစ်ချောင်းကို ထူးထူးဆန်းဆန်း တွေ့ရှိခဲ့ရာ နာမည်ကျော် အပ်စိုက်ကုထုံးပညာရှင်တစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံအတွင်းရှိ အရှေ့တိုင်း ရိုးရာဆေးပညာရှင် ၂၀၀၀၀ မျှခန့် ပါဝင်သော အငြင်းပွားမှုကြီး တစ်ရပ်ဖြစ်ပေါ်ခဲ့ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

သမ္မတဟောင်း ရိုတေဝူးသည် ပြီးခဲ့သည့်လက အခံရခက်လှသော ချောင်းဆိုးဝေဒနာကြောင့် ဆရာဝန်များဖြင့် စစ်ဆေးကြည့်ခဲ့ရာ ၎င်း၏ အဆုတ်အတွင်း အရှည် ၂ ဒသမ ၇၅ လက်မရှိ အပ်တစ်ချောင်းကို တွေ့ရှိခဲ့ရသည်။

အဆိုပါအပ်ကို ဆရာဝန်များက နောက်ပိုင်း၌ ခွဲစိတ်ဖယ်ထုတ်ပေးခဲ့ပြီး အသက် (၇၈)နှစ်ရှိပြီဖြစ်သော သမ္မတဟောင်း ရိုတေဝူး၌ ဆိုးရွားသော ကျန်းမာရေးပြဿနာများ မရှိနိုင်တော့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

တောင်းဆိုခဲ့

သို့ရာတွင် ကိုရီးယားနိုင်ငံလုံးဆိုင်ရာ အရှေ့တိုင်းဆေးပညာရှင်များအစည်းအရုံးက ယင်းပြဿနာကို စုံစမ်းစစ်ဆေးရန် တရားရေးဆိုင်ရာ တာဝန်ရှိသူများအား တောင်းဆိုခဲ့သည်။

အပ်တစ်ချောင်းလုံးကို အဆုတ်အတွင်း တိုးလျှိုပေါက်ထည့်သွင်းနိုင်သည့် ကုထုံးမျိုးကို လုပ်ဆောင်ရန် တရားဝင်လေ့ကျင့်ပြီးသား ဆေးပညာရှင်တစ်ဦးအတွက် မဖြစ်နိုင်ကြောင်း ကိုရီးယားအရှေ့တိုင်းဆေးပညာသည်များ အစည်းအရုံးက ပြောကြားခဲ့သည်။

လုပ်ငန်းခွင့်ပြုမိန့်မရှိ

ရိုတေဝူး၏ အဆုတ်အတွင်းရှိ အပ်သည် ကိုရီးယားနိုင်ငံမှ နာမည်ကျော်အပ်စိုက်ကုထုံးပညာရှင် ကင်နမ်ဆိုးထံတွင် ပညာသင်ယူခဲ့သော လုပ်ငန်းခွင့်ပြုမိန့်မရှိသည့် အပ်စိုက်ပညာရှင်တစ်ဦးသုံးစွဲသော အပ်ဖြစ်ကြောင်း သတင်းမီဒီယာများက ဖော်ပြကြသည်။

တောင်ကိုရီးယားနိုင်ငံ သမ္မတဟောင်း ရိုတေဝူး။

အသက် ၉၆ နှစ်အရွယ်ရှိ ကင်သည် ကိုရီးယားနိုင်ငံအတွင်း အပ်စိုက်ကုထုံးပညာရှင်တစ်ဦးအဖြစ် ကျော်ကြားသော်လည်း ၎င်းအား လုပ်ငန်းခွင့်ပြုမိန့်ရှိသော ဆေးပညာရှင်တစ်ဦးအဖြစ် တောင်ကိုရီးယား အရှေ့တိုင်းဆေးပညာရှင်များ အစည်းအရုံးက သတ်မှတ်ထားခြင်းမရှိပေ။

၁၉၉၃ ခုနှစ်မှစ၍ သမ္မတဟောင်း ရိုတေဝူးကို ၎င်းကိုယ်တိုင် အပ်စိုက်ကုထုံးဖြင့် ကုသပေးခဲ့ခြင်းမရှိ ကြောင်း ကင်က ငြင်းဆိုခဲ့သည်။ **အင်တာနက်။**

မြေငလျင်နှစ်ခု ရှေ့ဆင့်နောက်ဆင့်လှုပ် စပိန်နိုင်ငံ၌ လူ ရှစ်ဦး သေဆုံး

မဒရစ် မေ ၁၂

စပိန်နိုင်ငံ အရှေ့တောင်ပိုင်း၌ မေ ၁၁ ရက် ညပိုင်းက မြေငလျင် နှစ်ခု ရှေ့ဆင့်နောက်ဆင့် လှုပ်ခတ်ခဲ့ရာ အနည်းဆုံး လူ ရှစ်ဦး သေဆုံး၍ ဒါဇင်ပေါင်းများစွာ ဒဏ်ရာရခဲ့ကာ အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်အား ရစ်ခ်ျတာစကေး ၄ ဒသမ ၄ နှင့် ၅ ဒသမ ၂ အသီးသီးရှိသော မြေငလျင်များသည် လော်ရကာမြို့အနီး၌ ဗဟိုပြု၍ တစ်ခုနှင့်တစ်ခု နှစ်နာရီမျှခြားကာ လှုပ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရသူ ဒါဇင်ပေါင်းများစွာကို လော်ရကာမြို့ဆေးရုံနှင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ရသည့်နေရာများ၌ပင် ဆေးဝါးကုသမှုများ လုပ်ဆောင်ပေးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

လူဦးရေ ၈၅၀၀၀ ရှိသည့် လော်ရကာမြို့ ဆေးရုံမှာလည်း ပျက်စီးမှု အကြီးအကျယ်ဖြစ်ပွားခဲ့ရာ အသက်ဘေးဆုံးရှုံးမှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ဆေးကုသမှုခံယူနေသူ လူနာ ၂၇၀ ခန့်ကို အရေးပေါ်ယာဉ်များဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရခြင်းကြောင့်လည်းကောင်း၊ ငလျင်ထပ်မံလှုပ်ခတ်မည်ကို ကြောက်ရွံ့နေကြခြင်းကြောင့်လည်းကောင်း လော်ရကာမြို့သူ၊ မြို့သား အများအပြားသည် ပန်းခြံများ၊ လေဟာပြင်ကွက်လပ်များ၌ ယာယီတဲများထိုးကာ မိုးလင်းသည်အထိ နေထိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

မေ ၁၁ ရက် ငလျင်များသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း သေဆုံးသူအများဆုံး ဖြစ်ပေါ်စေခဲ့သည့်ငလျင်များ ဖြစ်ကြသည်။

စပိန်နိုင်ငံ တောင်ပိုင်း ဂရာနေဒါဒေသ၌ ၁၉၅၆ ခုနှစ်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် လူ ၁၂ ဦးသေဆုံး၍ ၇၀ မျှ ဒဏ်ရာရရှိခဲ့ဖူးသည်။ **အေပီ။**

လာရောက် တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ကိုရီးယားသံအမတ်ကြီးများ သီးခြားစီလာရောက်တွေ့ဆုံ ပြန်ကြားရေး မီဒီယာကိစ္စများ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၁၂

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Robert Chua Hian Kong သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Kim Sok Chol သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း သီးခြားစီလာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးမီဒီယာကိစ္စများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုတွေ့ဆုံပွဲများသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန် တည့်မတ်ထိန်းကျောင်းပေး နှစ်နာမှု၊ အလွဲသုံးစားမှုများဖော်ထုတ်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားကို ဖော်ဆောင်

အမှာစကားပြောကြား

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၂

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပသော စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေအရ ပြည်သူများဘက်မှ ရပ်တည်ရမည်ဖြစ်သည့်အတွက် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို ရှုထောင့်စုံမှ သုံးသပ်စစ်ဆေး ဖော်ထုတ်ပြီး ထိမ်ချန်မှု၊ အဂတိလိုက်စားမှု၊ မျက်နှာလိုက်မှုမရှိဘဲ စစ်ဆေးတွေ့ရှိချက်များကို အမှန်အတိုင်း တင်ပြကြရန်၊ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ခေတ်နှင့်အညီ မိမိတို့၏ လက်ရှိ တတ်သိနေသော အဆင့်ဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိကြဘဲ ဘဝတစ်သက်တာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍အစိုးရအဖွဲ့အစည်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်စေရန် တည့်မတ်ထိန်းကျောင်းပေးပြီး နှစ်နာမှု၊ အလွဲသုံးစားမှုများ ဖော်ထုတ်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်၊ စစ်ဆေးရာတွင် စာရင်းစစ်စံများနှင့်အညီ လုံလောက်သော သတိသမ္ပဇဉ်ထား၍ စစ်ဆေးရေးလုပ်ငန်းများကို သတိဝီရိယ ရှိစွာ ဆောင်ရွက်ကြရန်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေအရ အပ်နှင်းထားသော တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် ခေတ်သစ်၊ စနစ်သစ်တွင် စိတ်သစ်၊ လူသစ်ဖြင့် အဂတိလိုက်စားမှု ကင်းစင်ပြီး မိမိတို့အား ပေးအပ်ထားသည့် တာဝန်ကို ဦးလည်မသုန် ထမ်းရွက်ကြရန်တို့ကိုလည်း တိုက်တွန်းပြောကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမက(၁၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယ ပူဇော်ပွဲကို မေ ၁ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပစဉ်။

(ကြေးမုံ)

ဟာဖိတ်ဆည်ရေသောက်လက်ဝဲ၊ လက်ယာမြောင်း ပြန်လည်ဆယ်ယူ

သီပေါ မေ ၁၂

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သီပေါမြို့နယ် ပြည်သူများနှင့် လယ်မြေများအဓိက အားထားသောက်သုံးရသည့် ဟာဖိတ်ဆည် လက်ဝဲမြောင်းနှင့် လက်ယာမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မေ ၃ ရက် နံနက် ၇ နာရီမှစတင်ပြီး ရပ်ကွက်/ကျေးရွာပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အင်အား ၈၅၀ တို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ ဟာဖိတ်ဆည်ကြီးမှ ခွဲဝေပေးသည့် လက်ဝဲမြောင်းနှင့်လက်ယာမြောင်းတို့သည် ကျေးလက်နှင့်မြို့ပြပြည်သူများအတွက် သောက်သုံးရေရရှိရေးတွင် အဓိကကျသည့်အပြင် ဟာဖိတ်ဆည်ရေသောက်အရှေ့တောင်ခြမ်း ဒေသလယ်မြေ ဧက ၈၅၀၀ နှင့် အနောက်မြောက်ခြမ်းဒေသလယ်မြေ ၂၁၃၈ ဧကတို့အတွက် ရေပေးဝေနေသည့် ဆည်ကြီးဖြစ်သည့်အပြင် မြို့နယ်၏ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ယခုကဲ့သို့ ပြန်လည်တူးဖော် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။ (၂၄၇)

စာပေမြင့်မှ လူမျိုးတင့်မည်

စိုက်ပျိုးစရိတ် အစောဆုံးပေးဆပ်နိုင်သော ကျေးရွာများအား ဂုဏ်ပြု

နွားထိုးကြီး မေ ၁၂

စိုက်ပျိုးစရိတ် အစောဆုံးပြန်လည်ပေးဆပ်နိုင်သော ကျေးရွာအုပ်စု သုံးအုပ်စုအား မေ ၉ ရက်က နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက ဂုဏ်ပြုဆုပေးအပ်သည်။

၂၀၁၀ ခုနှစ်က စိုက်ပျိုးစရိတ် အစောဆုံးပေးဆပ်ခဲ့သော ဇီးကန်၊ သာစည်နှင့် ကြာပွား သုံးအုပ်စုအား လယ်ယာဖွံ့ဖြိုးရေး နွားထိုးကြီးဘဏ်ခွဲက ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် တက်ရောက်ချီးမြှင့်ကြောင်း သိရသည်။ (၉၅)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၈:၁၀ ၈။ ချစ်သောမြေ၊ ချစ်သောရေ
- ၈:၂၅ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ အတီးပြိုင်ပွဲ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၃၀ ၁။ AFC President's Cup(2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [ရတနာပုံ(MYA)အသင်းနှင့် Yeedzin FC(BHU)အသင်း]
- ၅:၁၅ ၂။ တေးဂီတအစီအစဉ်
- ၅:၃၀ ၃။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆:၀၀ ၄။ ညနေခင်းသတင်း
- ၆:၁၅ ၅။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၆။ ရသစုံလင်အင်တာနက်ဉယျာဉ်
- ၇:၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၃၂)**
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၁၆)**
- ၁၃။ **သီချင်းချစ်သူ (ဟက်ကက်)**
- ၁၄။ အစီအစဉ်ပြီး၏။

သစ်တောများ ထာဝစဉ်ဖွံ့ဖြိုးမှ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် တည်တံ့ကောင်းမွန်မည်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် သစ်တောသယံဇာတ ပေါကြွယ်လှသည့်နိုင်ငံဖြစ်သည်။ ထူးခြား၍ မတူကွဲပြားစွာတည်ရှိနေသည့် ပထဝီဝင်အနေအထားအရ ရာသီဥတုကွဲပြားခြားနားမှု၊ မြေမျက်နှာသွင်ပြင် အနိမ့်အမြင့် ကွာခြားမှုတို့ကြောင့် အမျိုးစုံလှသော အဖိုးတန်သစ်တောကြီးများ ပေါက်ရောက်ရှင်သန်နေကြသည်သာမက ဇီဝမျိုးစုံ၊ ဂေဟစနစ်မျိုးစုံလည်းပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့အပြင် မြန်မာ့သစ်တောများသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေး၊ ရာသီဥတုမျှတရေးအတွက်လည်း အဓိကရေသောက်မြစ်ကြီးဖြစ်သည်။

စာရေးသူတို့နိုင်ငံတွင် သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာ့သမိုင်းဖြစ်တည်မှု အစဉ်အလာနှင့်အတူ ယှဉ်တွဲဖြစ်ထွန်းလာခဲ့သည်။ မြန်မာ့သစ်တော စီမံအုပ်ချုပ်မှုသမိုင်းတွင် ကျွန်းသစ်ကို ကုန်းဘောင်ခေတ်အစပိုင်း အလောင်းမင်းတရားကြီးလက်ထက် ၁၇၆၀ ခုနှစ်ဝန်းကျင်မှစ၍ တော်ဝင်သစ်အဖြစ် သတ်မှတ်ထိန်းသိမ်းခဲ့သည်။ မြန်မာနိုင်ငံတွင် သစ်တောထိန်းသိမ်းရေးကို မြန်မာတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်နှင့် အသိစိတ်ဓာတ်မြင့်မားမှုတို့ကို အခြေခံကာ ဆောင်ရွက်ခဲ့ကြသည်။

နှစ်ပေါင်းများစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည့် မြန်မာ့သစ်တောများကို ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးမှစ၍ ဗြိတိသျှအစိုးရက သစ်ကုမ္ပဏီများနှင့်ပူးပေါင်းပြီး စည်းကမ်းမဲ့ထုတ်ယူခဲ့ရာ နှစ်ပေါင်း ၃၀ ကျော်အတွင်း သစ်တောများ လွန်စွာမှပျက်စီးပြုန်းတီးခဲ့ရပြီး တနင်္သာရီဒေသရှိ ကျွန်းတောများ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည်။ ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ဗြိတိသျှအစိုးရသည် ကျွန်းသစ်များကို စည်းကမ်းမဲ့ထုတ်ယူသုံးစွဲမှုကြောင့် သစ်တောများ ပျက်စီးပြုန်းတီးရခြင်းကို သိရှိနားလည်သဘောပေါက်ခဲ့ပြီး ၁၈၅၆ ခုနှစ်မှ စတင်ကာ သစ်တောပညာရှင် ဂျာမန်လူမျိုး ဒေါက်တာဘရန်းဒစ်ကို မြန်မာ့သစ်တောများ သိပ္ပံနည်းကျ စီမံအုပ်ချုပ်ရန် ပထမဆုံးတာဝန်ပေးခဲ့သည်။ သစ်တောများ မပျက်စီးစေဘဲ နှစ်စဉ်ထုတ်ယူသုံးစွဲရန် သိပ္ပံနည်းကျတွက်ချက်နည်းစနစ်ကို အခြေခံသည့် မြန်မာ့သစ်တောရွေးချယ်ခြင်းစနစ် (Myanmar Selection System) ကို မြန်မာနိုင်ငံ သစ်တောများ စီမံအုပ်ချုပ်ရာတွင် အသုံးပြုလျက်ရှိရာ ယနေ့အချိန်ထိကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ရာတွင် မြန်မာ့သစ်တောများမှ ကျွန်းသစ်နှင့် သစ်မာအပါအဝင် သစ်တောထွက်ပစ္စည်းများကို ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ အသေးစိတ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် သဘာဝသစ်တောကြီးများသည် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍအဖြစ် ရပ်တည်နေသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ သစ်တောဦးစီးဌာနသည် ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ်(၃၀) အမျိုးသားသစ်တောပင်မဘက်စုံစီမံကိန်းကို ရေးဆွဲကာ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းအတွက်သာမက လက်ရှိဖြစ်ပေါ်တိုးတက်မှုများနှင့် နှိုင်းယှဉ်ကာ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တည်ငြိမ်ရေးတို့ကို အလေးထား၍ အကောင်အထည်ဖော်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာ့နေရာအနှံ့တွင် နိုင်ငံမရွေး၊ နယ်နိမိတ်မခြားဘဲ ဖြစ်ပွားလျက်ရှိရာ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် သဘာဝဘေးအန္တရာယ်များအဖြစ် လူသားအားလုံးက အာရုံစိုက်လာသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်မှုအကြောင်းရင်းများမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်အခြေအနေများ ပျက်စီးယိုယွင်းလာခြင်းနှင့် သစ်တောများ ပျက်စီးဆုံးရှုံးခြင်းတို့ကြောင့် ဖြစ်ပေါ်လာရကြောင်း သိရှိနားလည်သဘောပေါက်ခဲ့ကြသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကို အဓိကဖြစ်စေသော အကြောင်းအချက်ဖြစ်ပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းကို ဖြစ်စေသည်။ ၁၈၅၀ ခုနှစ် ကာလလွန်နှစ်များမှစပြီး သစ်တောများပျက်စီးပြုန်းတီးခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဂီဂါတန် ၁၂၀ လေထုထဲသို့ ထုတ်လွှတ်ပြီးဖြစ်သည်။ စာရင်းအင်းအချက်အလက်များအရ တစ်ကမ္ဘာလုံး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းသည် သစ်တောများ ပျက်စီးခြင်း၊ မီးရှို့ခြင်း၊ တောမီးလောင်ခြင်းတို့မှဖြစ်ကြောင်း သိရှိရသည်။

သစ်တောများအတွင်း လူသားတို့စူးစမ်းလေ့လာမှုပင် မပြုရသေးသည့် အပင်မျိုးစိတ်များ အများအပြားရှိနေသေးသည်။ ပင်နီဆီလင်ဟု အမည်ရှိသော ပဋိဇီဝဆေးကို မှိုတစ်မျိုးမှ ရှာဖွေဖော်ထုတ်အသုံးပြုနိုင်သဖြင့် လူအမြောက်အမြားတို့၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်။ ထို့အတူ ငှက်ဖျားရောဂါ ကာကွယ်ကုသရာတွင် အလွန်အစွမ်းထက်သည့် ကွီနင်းဓာတ် ပါဝင်သည့် စင်ကိုနာဟုခေါ်သည့် အပင်သည် သဘာဝသစ်တောကြီးများထဲ၌ ပေါက်ရောက်သည်။ အကယ်၍ ထိုကဲ့သို့သော ဆေးဖက်ဝင်သည့် နွယ်မြက်သစ်ပင်များကို ရှာဖွေဖော်ထုတ်အသုံးမပြုရသေးခင် ၎င်းတို့ တည်ရှိရာ သစ်တောကြီးများပျောက်ကွယ်သွားပါက လူသားအမျိုးအနွယ်အားလုံးအတွက် ပြန်လည်မရနိုင်တော့သည့် သယံဇာတများ ဆုံးရှုံးမှုပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ အချို့သောသဘာဝသစ်တောကြီးများကို စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော မြေအသုံးချမှုအဖြစ်သို့ ပြောင်းလဲခြင်းမှာ မရှောင်မလွှဲသာသော ကိစ္စရပ်ဖြစ်သော်လည်း သစ်တောများ ထာဝစဉ်တည်တံ့ရေးသည် လူသားများနှင့် အခြားသက်ရှိများ ရှင်သန်ရပ်တည်မှုအတွက် လွန်စွာအရေးကြီးသည်ကို ဂရုပြုရန်လိုသည်။

မောင်ငြိမ်းသစ်

သစ်တောရေးရာဝန်ကြီးဌာနသည် ခေတ်အဆက်ဆက် အစိုးရလက်ထက်တွင် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်ခဲ့ရာ ခေတ်စနစ်နှင့်အညီ မြန်မာ့သစ်တောများကို စီမံအုပ်ချုပ်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေကို လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒကို လည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ အုပ်ချုပ်ရေးစနစ်နှင့်အညီ ဖွဲ့စည်းထားသော ခရိုင်များအလိုက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (District Forest Management Plan) ၆၄ ခုကို ၁၉၉၆ ခုနှစ်မှစတင်၍ ပြန်လည်ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများကို ၂၀၁၀ ခုနှစ်တွင် ပြန်လည်သုံးသပ်ကာ ပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့သည်။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၃ ရက်နှင့် ၄ ရက်နေ့တွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးချုပ်၌ ကျင်းပခဲ့ရာ စာရေးသူအပါအဝင် အငြိမ်းစား သစ်တောအရာရှိကြီးများအား တက်ရောက်ဆွေးနွေးရန် ဖိတ်ကြားခဲ့သဖြင့် ပါဝင်ဆွေးနွေးခွင့်ရရှိခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောစီမံအုပ်ချုပ်မှုကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတများ ထိန်းသိမ်းရေးတွင် ပြည်သူများပူးပေါင်းပါဝင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြပါသည်။ အထူးသဖြင့် ဒေသခံပြည်သူလူထုများ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စနစ်တကျ ထုတ်ယူသုံးစွဲရေး၊ ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (Community Forests)များ တည်ထောင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် ဦးတည်ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် အထိမ်းအမှတ်အဖြစ် ပြုလုပ်သော ကုလသမဂ္ဂသစ်တောညီလာခံက ချမှတ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ရည်ရွယ်ချက် (၄)ရပ်အနက် သစ်တောများအား ထာဝစဉ်တည်တံ့စေသော စီမံအုပ်ချုပ်မှုစနစ်ဖြင့် ဆောင်ရွက် အကောင်အထည်ဖော်ရန်ဟူသော ရည်ရွယ်ချက်တစ်ချက် ပါဝင်သည်။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲ၍ ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေး လိုအပ်ချက်ဖြည့်ဆည်းပေးရေးကို သစ်တောမူဝါဒတွင် ထည့်သွင်းရေးဆွဲထားခြင်း၊ သစ်တောထွက်ပစ္စည်း ထုတ်ယူသုံးစွဲမှုနှင့် သစ်တောများရေရှည်တည်တံ့ရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ထားခြင်း၊ သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို အားပေးဆောင်ရွက် အကောင်အထည်ဖော်ခြင်းစသည့် ပုဂ္ဂလိကတို့ကို ဆောင်ရွက်နေသည့်အတွက် မိမိတို့၏ သစ်တောစီမံအုပ်ချုပ်မှုသည် ယနေ့ကမ္ဘာက အလေးထားဆောင်ရွက်နေသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်နှင့် တန်းတူယှဉ်တွဲ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုဧရိယာနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိရောက်သော စီမံအုပ်ချုပ်မှုရရှိနိုင်ရန်အတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ မဖြစ်မနေ လိုအပ်လျက်ရှိသည်။ သစ်တောပြုစုထိန်းသိမ်းရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်ထိန်းသိမ်းစောင့်ရှောက်မှသာ သဘာဝသစ်တောသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ တရားမဝင်သစ်ခုတ်လှဲ ထုတ်ယူမှုများကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ သစ်တောသယံဇာတများ ထာဝစဉ်တည်ရှိမှသာ သက်ရှိလောက တည်မြဲနိုင်မည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်သူလူထုပါဝင်ကူညီရန် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ဥပဒေပုဒ်မ (၃၉၀)ခ ၌ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများ၌ နိုင်ငံတော်အားကူညီရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြည်သူများ ပူးပေါင်းပါဝင်မှသာ သစ်တောသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ အောင်မြင်မည်ဖြစ်သကဲ့သို့ ယနေ့တွေ့ကြုံခံစားနေရသော ကမ္ဘာကြီးပူနွေးလာပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းများမှ ကြိုတင်ကာကွယ်ထိန်းသိမ်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ သစ်တောများတည်ရှိခြင်း၏ အရေးကြီးသော အကျိုးကျေးဇူးမှာ သက်ရှိလောက အသက်ရှင်ရပ်တည်နိုင်ရေးနှင့် မရှိမဖြစ်လိုအပ်သော ရေချိုထိန်းသိမ်းမှုများဖြစ်ပါသည်။ ကမ္ဘာ့ရေချိုပမာဏ၏ သုံးပုံနှစ်ပုံမှာ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် ရရှိရာ သစ်တောပြုန်းတီး၍ မြေဆီလွှာတိုက်စားခြင်း၊ရေကြီးခြင်း၊ မြေပြိုခြင်း စသည်တို့ကြောင့် ရေအရည်အသွေးကျဆင်းလာသကဲ့သို့ မြေအောက်ရေ လျော့နည်းလာမှုနှင့် ကြုံတွေ့လာကြရပါသည်။

အခြားတစ်ဖက်တွင်လည်း မြေအသုံးချမှုစီမံအုပ်ချုပ်ရန် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြင့် စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်ရန်လိုအပ်သည်။ မြေအသုံးချမှုစနစ်များ ပြောင်းလဲလာခြင်းကြောင့် သတ္တလောက၏ အစာကွင်းဆက်များ ပျက်စီးလာမည်ဖြစ်သကဲ့သို့ အပေါ်ယံမြေဆီလွှာများ ပျက်စီးမှုသည်လည်း ဆယ်စုနှစ်ပေါင်းများစွာ အကျိုးသက်ရောက်နိုင်ပြီး သစ်တောသစ်ပင်များ ပြန်လည်ဖြစ်ထွန်းရန် လွန်စွာမှခဲယဉ်းလှသည်။ သစ်တောဂေဟစနစ်များသည် တစ်ကြိမ်ပျက်စီးသွားပါက ပြန်လည်ဖြစ်ထွန်းရန် နှစ်ပေါင်းများစွာ အချိန်ယူစောင့်ရမည်ဖြစ်ပြီး အကျိုးဆက်အားဖြင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်သာမက လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက်သည် ဂေဟစနစ် ဝန်ဆောင်မှုများ(Ecosystem services)ကိုပါ ထိခိုက်ပျက်စီးစေမည်ဖြစ်သည်။ ၎င်းဂေဟစနစ်ဝန်ဆောင်မှုများ ပျက်စီးခြင်းကြောင့် သားငါးထုတ်လုပ်မှုကျဆင်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ခြင်း၊ မြေပေါ်မြေအောက်ရေများ ခန်းခြောက်ခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း အစရှိသည်တို့ကို ဖြစ်ပေါ်စေရာ ငွေကြေးသန်းပေါင်းများစွာ ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည်သာမက အသက်အိုးအိမ်စည်းစိမ် ပျက်စီးခြင်းကို ဖြစ်ပေါ်စေနိုင်သည်။

သဘာဝသစ်တောသယံဇာတများသည် နိုင်ငံ၏ ပစ္စုပ္ပန်ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်းပေးသကဲ့သို့ အနာဂတ် သားစဉ်မြေးဆက်အတွက်လည်း အမွေအနှစ်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံသားတိုင်း အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိဖြင့် သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ သစ်တောများ ထာဝစဉ်တည်တံ့ ဖွံ့ဖြိုးမှသာလျှင် နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တည်တံ့ကောင်းမွန်ပြီး ထာဝစဉ် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၅	ပဌာန်းပါဠိတော်+ခန္ဓသုတ်+မောရသုတ်+ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ပါရာယနသုတ္တန်" တရားတော် (အပိုင်း-၂)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၀)**
၈း၅၀	ဖောင်ကြီး အထက ၏ မြင့်မြတ်ပေစွ ဆရာ့ဘဝ
၉း၀၀	Activities In The City
၉း၁၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
၉း၃၀	Movie Talk
၉း၅၅	MRTV-4 ကျန်းမာရေးကဏ္ဍ
၁၀း၃၅	ဖက်ရှင်လမ်းညွှန်
၁၀း၅၅	သူတို့ပြောတဲ့သူတို့အကြောင်း
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀	သဒ္ဓါကြည်ဖြူကုသိုလ်ယူ ဘီတွတ်ရှာမှမြတ်သောအလှူ
၁၂း၃၀	တေးသံဝေစီ ငွေဆောင်ကမ်းခြေဆီ
၁း၀၀	"ပါရာယနသုတ္တန်" တရားတော် (အပိုင်း-၂)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂)**
၄း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၀)**
၅း၁၀	Activities In The City
၅း၄၅	ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲနောက်ဆုံးအဆင့်အတွက် ကြိုတင်ပြင်ဆင်မှုများ
၆း၀၀	MRTV-4 သတင်း
၆း၂၀	"မိုးဇက်"ဒီနေ့နဲ့မနက်ဖြန်
၆း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃)**
၇း၁၅	The Champion of Dance
၇း၅၀	ရန်ကုန်မြင်ကွင်းကျယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	မိုးကုတ်မြို့ရဲ့ရှေးမူမပျက်တဲ့ ရိုးရာရှင်ပြုအလှူပွဲမင်္ဂလာ
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၆၁)**
၁၀း၂၀	VJ Choice
၁၀း၄၅	တန်ဖိုး
၁၂း၁၀	World of Knowledge
၁း၀၀	သွေးတိုး၊ ဆီးချိုအကြောင်း သိကောင်းစရာတိုင်းရင်းဆေးပညာ
၁း၁၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁း၃၅	အလှပန်းတစ်ပွင့်ဖူးပွင့်လေပြီ မုန်းဝန်းဒေသဆီ
၁း၅၅	Celebrity Profile
၂း၃၀	စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
၂း၅၀	နည်းပညာအစွမ်းထက် SOLAR HUT
၃း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀	ဒို့တိုင်းဌာနီရောဝတီ
၄း၃၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၄း၅၀	ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နော်ဝေး နိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အက်စ်ပန်ဘတ်သ် အေဒီခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်နော်ဝေးနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နော်ဝေး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အက်စ်ပန်ဘတ်သ် အေဒီခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဥရောပကော်မရှင် ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး European Commission Development and Cooperation Europe Aid မှ ဒါရိုက်တာ Mr.Dirk Meganck ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား သံအမတ်ကြီးများ သီးခြားစီတွေ့ဆုံ

နေပြည်တော် မေ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong သည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း**(အောက်ပုံ)**၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M.Barber သည် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဥရောပညှိအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဥရောပကော်မရှင် ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး European Commission Development and Cooperation Europe Aidမှ ဒါရိုက်တာ Mr. Dirk Meganck ဦးဆောင်သော အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့် လယ်ယာကဏ္ဍတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးသောက်ပန်းဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၁၂

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော "မိုးသောက်ပန်းဂျာနယ်" ၁၀-၅-၂၀၁၁ ရက်နေ့ ထုတ် အတွဲ(၁၄)၊ အမှတ်(၁၇)ကို ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်း ဂျာနယ်များ ဝယ်ယူလိုပါက အမှတ်(၁၈၁) (၃၂) လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းလမ်း ၁၅ ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် ၅၅၉၂၇၃ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ယာဉ်မောင်းကြီး အိပ်ငိုက် ကားလမ်းဘေးတိမ်းမှောက်

ဖြူး မေ ၁၂

၁၀ ဘီး ကုန်တင်ယာဉ်မောင်းနှင်သည့် ယာဉ်မောင်း အိပ်ငိုက်မိသဖြင့် မော်တော်ယာဉ် လမ်းဘေးတိမ်းမှောက်သွားသည့်ဖြစ်ရပ် မေ ၁၁ရက် နံနက် ၆ နာရီခွဲတွင် ဖြူးမြို့ တားကြားရပ် ရန်ကုန်-မန္တလေးပုံမှန်လမ်း၌ ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မေ ၁၁ ရက် နံနက် ၆နာရီခွဲတွင် ဖြူးရဲစခန်းမှ တစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးပုံမှန်လမ်းတွင် ယာဉ်တိမ်းမှောက်ကြောင်း သတင်းအရ ဖြူးရဲစခန်းတာဝန်မှူး ဒုရဲအုပ်ဝင်းသူရအောင်က သွားရောက်စစ်ဆေးရာ မိုင်တိုင် (၁၄၀/၀) နှင့် (၁၄၀/၁) ကြားတွင် ရန်ကုန်မှ ပျဉ်းမနားသို့ ကုန်မျိုးစုံတင်ဆောင်၍ ယာဉ်မောင်းအောင်နိုင်ဝင်း မောင်းနှင်လာသည့် ၉ခ/----- နီဆန်းဒီဇယ် ၁၀ ဘီးယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်သွားသဖြင့် လမ်းအရှေ့ဘက်မြောင်းထဲသို့ ထိုးကျ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်ခြင်းကြောင့် လူထိခိုက်မှုမရှိဘဲ ကားရှေ့မှန်ကွဲအက်သွားသဖြင့် ယာဉ်မောင်းအောင်နိုင်ဝင်းအား ဖြူးရဲစခန်းမှ ဒုရဲအုပ်ဝင်းသူရအောင်က အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ ယာဉ်မောင်းများအနေဖြင့် ငိုက်လျှင်မမောင်းနှင့် မောင်းလျှင်မငိုက်နှင့်ဆောင်ပုဒ်ကို လက်ကိုင်ထား၍ သတိထားမောင်းနှင်ရမည်ဖြစ်ကြောင်း အသိပေးထားပြီးဖြစ်သည်။ (၁၄၁)

မသင်္ကာ၍ ခေါ်စစ် စက်ဘီးခိုးမှုများပေါ်

မော်လမြိုင် မေ ၁၂

မော်လမြိုင်မြို့ ဖက်တန်းနယ်မြေရှိ အမှတ်(၁)ဈေးသည် လူစည်ကားရာ ဈေးသစ်ကြီးဖြစ်ပြီး ဈေးသူ ဈေးသားများ၊ ဈေးဝယ်လာသူများ၏ စက်ဘီးများ မကြာခဏပျောက်ဆုံးလေ့ရှိသည်။

ဧပြီ ၂၃ ရက် နံနက် ၉ နာရီခန့်တွင် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ခင်မောင်ဇော်နှင့်အဖွဲ့သည် ရပ်ကွက်ရာအိမ်မှူး ဦးကျော်နိုင်ဦး၊ ဦးဘသိန်းတို့နှင့်အတူ နယ်မြေအတွင်း ခိုး၊ ဆိုး၊ နှိုက် သတင်းများ လိုက်လံစုံစမ်းနေစဉ် အမှတ်(၁)ဈေး အေ-၃၁ ရုံထောင့် ရေစင်မျက်နှာစာအနီးတွင် မိန်းမစီး စက်ဘီးတစ်စီးအား တွန်းလာသူကို မသင်္ကာဖွယ်ရာတွေ့၍ ခေါ်ယူစစ်ဆေးရာ စက်ဘီးအား မိမိပိုင်ဆိုင်ကြောင်း ခိုင်လုံစွာ ဖြေဆိုနိုင်ခြင်းမရှိ၍ မြို့မရဲစခန်းတွင်(ပ)၁၂၁/၂၀၁၁ ပြစ်မှုပုဒ်မ ၃၇၉ (စက်ဘီး)/၅၄ ဖြင့် အမှုဖွင့်ခဲ့သည်။

အောင်ထက်(ခ)ဇာနည်အောင်(၂၄)နှစ် သာယာအေးရပ်နေသူအား စစ်ဆေးချက်အရ အမှတ်(၁)ဈေးအတွင်းမှ ခိုးယူရောင်းချထားသည့် စက်ဘီး ၂၃ စီးအား ဧပြီ ၂၈ ရက်တွင် ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ (၃၉၃)

Art Sky Star ပန်းချီပြပွဲ ပြသလျက်ရှိ

ရန်ကုန် မေ ၁၂

ယခုတစ်လော ပန်းချီအနုပညာရှင်များ၏ ပန်းချီပြပွဲများ ခင်းကျင်းပြသမှုကို ခပ်စိပ်စိပ် တွေ့မြင်နေရသည်။ ယင်းပြပွဲများအနက် ဗဟန်းမြို့နယ် အမှတ်(၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း ပန်းချီပန်းပုပြပွဲခန်းမ၌ ပန်းချီဆရာ ခုနစ်ဦး စုစည်းပြသသည့် အနုပညာပန်းချီပြပွဲကို သွားရောက်လေ့လာဖြစ်ခဲ့သည်။

ပြပွဲ၏အမည်ကို Art Sky Star (မိုးကောင်းကင်မှ အနုပညာကြယ်ပွင့်လေးများ) ဟု အမည်ပေးထားသည်။ အမည်နှင့် လိုက်ဖက်ညီစွာ မြန်မာပြည် တစ်နံတစ်လျားရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ အပါအဝင် ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များကို ဖော်ကျူးထားသည့် အနုပညာ ပန်းချီပုံရိပ်များအား ရသစုံလင်စွာဖြင့် ခြယ်မှုန်းရေးဆွဲထားသည်ကို တွေ့မြင်ရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပန်းချီဆရာ ဘစတားနှင့် တွဲဖက်(တာဝန်ခံ) ဖူဂျီကိုပေါက်တို့ဦးစီး၍ မာန်ဇာဟိန်း၊ ဦးရွှေမြင့်၊ ဦးထွန်းအောင်၊ ဦးညဏ်ကျယ်နှင့် ယဉ်လက်သက်ဝေတို့ ရေးဆွဲခြယ်မှုန်းထားသည့် ဆီဆေးပန်းချီကား ၃၀၊ ရေဆေး ၁၆ ကား၊ အခရိုင်းလစ် ၇၃ ကား၊ မင်ခြစ်ပန်းချီ နှစ်ကား စုစုပေါင်း ပန်းချီ ၁၂၁ ကား ခင်းကျင်းပြသထားပြီး ပန်းချီကားတစ်ချပ်၏ ဈေးနှုန်းမှာ အက်ဖ်အီးစီ ၅၀ မှ ၁၅၀၀ အထိ ရှိသည်။

ပြပွဲတာဝန်ခံ ဦးဘစတားက အနုပညာမျိုးဆက် ရှင်သန်မှုအပေါ် မူတည်၍ ပြပွဲကို မျိုးဆက်သစ်များနှင့်အတူ ပြသသွားနိုင်ရန် ရည်ရွယ်ကြောင်း၊ ကုန်ကျစရိတ် များပြားသည့်ကြားမှပင် ပန်းချီကားရောင်းချရမှု၊ မရောင်းချရမှုကို ပဓာနမထားဘဲ ပန်းချီအနုပညာကို ပြည်သူများ ခံစားနိုင်ရန် ပြသခြင်းဖြစ်ကြောင်း၊ မိမိသည် ယဉ်ကျေးမှု (ပန်းချီ၊ ပန်းပု)ကျောင်းမှ သင်တန်းဆင်းခဲ့ပြီး မိခင်ကျောင်းကို ကျေးဇူးဆပ်လို၍ ယခုပန်းချီပြပွဲကို ပြသခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပန်းချီပြပွဲ၏ ထူးခြားမှုမှာ ဝါရင့်ပန်းချီဆရာများနှင့်အတူ အသက်(၁၄)နှစ်အရွယ် မယဉ်လက်သက်ဝေ၏ မြန်မာ့ရှုခင်းအလှ ပန်းချီကားများကိုလည်း တွေ့ရသည်။

မိုးကောင်းကင်မှ အနုပညာကြယ်ပွင့်လေးများဆိုသည့်အတိုင်း ပန်းချီဆရာကြီးများက အနုပညာမျိုးဆက်သစ်များကိုမွေးထုတ်ကာ စင်တင်ပြသမည့် ပန်းချီပြပွဲဖြစ်သည်။ ပြပွဲကို မေ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မေ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ရာ ပန်းချီချစ်သူ အနုပညာရှင်များ သွားရောက်ကြည့်ရှုလေ့လာခံစားနိုင်ရန် သတင်းကောင်းပါးလိုက်ရပါသည်။ (သတင်းစဉ်)

ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်

ရေစကြို မေ ၁၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာ မျိုးမြန်မာသင်တန်းဖွင့်ပွဲအခမ်းအနားကို အမှတ်(၁) ရပ်ကွက်၌ မေ ၄ ရက်က ကျင်းပသည်။ အဆိုပါသင်တန်းသို့ မူလတန်း၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ သင်တန်းသား ၈၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၃၇၄)

ရန်ကုန်တိုင်းဒေသကြီး၌ မိုးရာသီဘဏ်ချေးငွေ အချိန်မီထုတ်ချေးမည်

ရန်ကုန် မေ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်အောက်ရှိ မြို့နယ်ဘဏ်ခွဲ ၁၂ ခုမှ မိုးစပါးစိုက်ပျိုးချိန် အမီဘဏ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် ဆွေးနွေးမှာကြားခြင်း အခမ်းအနားကို မေ ၂ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ရုံးချုပ်မှ တိုင်းဒေသကြီးတာဝန်ခံများ၊ တိုင်းဒေသကြီး မန်နေဂျာ ဦးညဏ်ဝင်းနှင့် မြို့နယ်မန်နေဂျာများ တက်ရောက်ခဲ့ပြီး မြို့နယ်အလိုက် အမြန်ဆုံးချေးငွေထုတ်ချေးပေးမည့် အစီအစဉ်နှင့် ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကို တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၀၇၃၆ သန်းကို စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၅၂၇)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်နိုင်ရန် သဘာဝသစ်တော သယံဇာတများ ပျက်စီးပြုန်းတီးခြင်းမှ ကာကွယ်၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချ

နေပြည်တော်　　မေ　　၁၂

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ သစ်တောဌာနတို့ ပူးပေါင်းစီစဉ်၍ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည့် သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သစ်တောသစ်ပင်ထိန်းသိမ်းရေး၊ လေထုနှင့် ရေထုညစ်ညမ်းမှုလျှော့ချရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစေရန် မူဝါဒတစ်ရပ်ချမှတ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများပါဝင်လာစေရန် စည်းရုံးဆောင်ရွက်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် သဘာဝသစ်တောသယံဇာတများ ပျက်စီးပြုန်းတီးခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူလူထု၏လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီမှုကွန်ဗင်းရှင်း (United Framework Convention on Climate Change UNFCCC) ကို ၁၉၉၂ ခုနှစ် ဇွန် ၂ ရက်တွင် လည်းကောင်း၊ ကျိုတိုသဘောတူညီချက်(Kyoto Protocol)ကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်များဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲဖော်ထုတ်နိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ပြီး သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ခြင်း၊ ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းကိုးစောင် ဖတ်ကြားမည်ဖြစ်ပြီး မေ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ပကိုမှီခို၍ ထုတ်လုပ်နေသော မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများအစား မော်တော်ယာဉ်ထုတ်လုပ်မှုများကို စက်မှုဇုန်ထုတ် ပီပီပြင်ပြင်ဖြစ်စေရန် အထူးအလေးပေး

နေပြည်တော်　　မေ　　၁၂

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီတို့၏ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ဆောင်ရွက်ရမည့် လုပ်ငန်း၊ ပုဂ္ဂလိကများ ဆောင်ရွက်ရမည့်လုပ်ငန်းတို့ရှိပြီး ၎င်းလုပ်ငန်းများ အောင်မြင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများတိုးတက်ရေးအတွက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၏အခန်းကဏ္ဍသည် အထူးအရေးကြီးကြောင်း။

အလေးအနက်ထား

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **စက်မှုဇုန်များအနေဖြင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် အပေါ့စားစက်မှုလုပ်ငန်းများ (Light Industry)၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ (Import Substitute Industry)၊ ပို့ကုန်တင်ပို့ရန် ရည်ရွယ်သည့် စက်မှုလုပ်ငန်းများ (Export Oriented Industry)နှင့် အရင်းအနှီးနည်းနည်း၊ စက်ကိရိယာ နည်းနည်းနှင့်လူ၏ လုပ်အားကို အဓိကသုံးသည့် စက်မှုလုပ်ငန်းများ (Labour Intensive Industry)** သည် မိမိနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အများဆုံး အထောက်အကူပြုမည့် စက်မှုလုပ်ငန်းများဖြစ်၍ ၎င်းလုပ်ငန်းများကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။

စက်မှုဇုန်များရှိ စက်ရုံများအနေဖြင့် အရွယ်အစားမရွေး **Clean, Green Tech Factories များ အသွင်ဖြင့် လည်းကောင်း၊ Energy Conservation, Energy Saving** လုပ်ငန်းများကို လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းရမည်ဆိုသော အမြင်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီး စက်ရုံများကိုလည်း စစ်ဆေး ကြပ်မတ်ပေးသွားရန် လိုအပ်ကြောင်း။

စက်မှုဇုန်များအနေဖြင့် လက်ရှိအခြေအနေတွင် **အမြတ်အစွန်း ရရှိရေးကို ရှေးရှုပြီး နည်းပညာရရှိခြင်းမရှိဘဲ ပြည်ပကို မှီခို၍ ထုတ်လုပ်နေသော မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများအစား** စားသောက်ကုန်ထုတ်လုပ်မှု၊ ဓာတုဗေဒဆိုင်ရာ ပစ္စည်းထုတ်လုပ်မှု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနှင့် သွင်းကုန်အစားထိုး လုပ်ငန်းများကို စျေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ရှေးရှု၍ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ **မော်တော်ယာဉ်ထုတ်လုပ်မှုများကို စက်မှုဇုန်ထုတ် ပီပီပြင်ပြင်ဖြစ်စေရန်** အထူးအလေးပေး သွားရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ဆောင်ရွက်သွားသင့်

ဆက်လက်၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးအောင်နှင့် ကော်မတီဝင် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်တို့က စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားသင့်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီများက သိရှိလိုသည့်ကိစ္စရပ်များကို မေးမြန်းပြီး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုဇွန်တောင်ချောင်းကူး သာကေတတံတားပြုပြင်မည်

ရန်ကုန်　　မေ　　၁၂

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့သို့ ဆက်သွယ်ထားသည့် ပုဇွန်တောင်ချောင်းကူး သာကေတတံတားအား မေ ၁၄ ရက် (စနေနေ့)မှ ၁၆ ရက် (တနင်္လာနေ့) အထိ သုံးရက် စက်မှုပိုင်းဆိုင်ရာ ပြုပြင်မည်ဖြစ်ရာ ဖော်ပြပါနေ့ရက်များတွင် ပြည်သူများအနေဖြင့် မဟာဗန္ဓုလတံတားနှင့် သုဝဏ္ဏတံတားတို့ကို အသုံးပြု၍ ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်များသို့ သွားလာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

အေးမြသောရာသီဥတု၊ သဘာဝအလှရှုခင်းများအား ပိုင်ဆိုင်ထားသည့် သံတောင်မြို့ကလေးသည် မြေဆီသြဇာအလွန်ကောင်းမွန်ပြီး ဒူးရင်း၊ မင်းကွတ်၊ ငှက်ပျော၊ ကွမ်း၊ ကွမ်းသီး၊ ဖာလာ၊ ကျွန်းသစ်၊ ရော်ဘာ၊ လိုင်ချီး၊ တညင်းသီးတို့ထွက်သဖြင့် ကေတုမတီတောင်ငူမှတစ်ဆင့် မြန်မာနိုင်ငံတစ်နံတစ်လျားသို့ တင်ပို့ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ လမ်းပန်းတွေကလည်း ယခင်နှင့်မတူ အလွန်ကောင်းမွန်လျက်ရှိပြီး တစ်ခဏတာအချိန်အတွင်း လွယ်ကူစွာရောက်ရှိနိုင်သည်။

နေ့စဉ် လာရောက်လည်ပတ်ကြသူများအတွက် ညအိပ်နားခိုရန် ဘန်ဂလိုများ၊ ကရင်ရိုးရာနေအိမ်များ၊ စားသောက်ဆိုင်များဖြင့် ရွှေသံတောင်အပန်းဖြေစခန်းတွင် တည်းခိုနိုင်ကြသည်ကို တွေ့ရသည်။ တောတွင်းလေ့လာလိုသူများအနေဖြင့် ကျေးငှက်သာရကာများ၊ လိပ်ပြာမျိုးစုံနှင့် အရောင်အသွေးစုံလင်သည့် ပုဇဉ်းငယ်များ၊ တောတွင်းသစ်ခွမျိုးစုံတို့ကိုပါ လေ့လာနိုင်ကြသည်။

ကိုလွင်(ဆွာ)

(13-5)08.pmd 1 5/13/2011, 1:34 AM

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သတ္တုတူးဖော်ရေးလုပ်ငန်း ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၁၂

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ဝန်ကြီးဌာနရှိ သီရိရတနာခန်းမ၌ သတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တာဝန်ခံများအား တွေ့ဆုံ ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက အကျိုးတူဖက်စပ်လုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး စီမံပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ အနေဖြင့်လည်း လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေး၊ နိုင်ငံတော်သို့ အခွန်အခများ အပြည့်အဝ ပေးသွင်းရေးနှင့် သတ္တုရှာဖွေစမ်းသပ်မှု၊ ထုတ်လုပ်မှုနည်းပညာများအား ရယူဆောင်ရွက်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက သတ္တုထုတ်လုပ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် သတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့် တာဝန်ခံများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စာကြည့်တိုက်ကောင်းဆိုသည်မှာ ကမ္ဘာ့ပညာဆုံစည်းရာ ရတနာသိုက်ဖြစ် ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ယနေ့နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဦးဝိစာရလမ်းရှိ ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား၌ "ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်ပေါင်း ၂၇၁၃ ခု ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့ဖွင့်လှစ်သည့် ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်သည် ၂၇၁၄ ခု မြောက် ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် စာကြည့်တိုက်တွင် အင်္ဂလိပ်ဘာသာ စာအုပ်ပေါင်း အုပ်ရေ ၂၈၉၈၀၊ မြန်မာဘာသာ စာအုပ်ပေါင်း ၃၇၄၈ အုပ် စုစုပေါင်း ၃၂၇၂၈ အုပ် ထားရှိကြောင်း၊ အသိပညာ၊ အတတ်ပညာ လေ့လာဆည်းပူးသူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအထောက်အကူပြုနိုင်သည့် စာကြည့်တိုက်ကောင်းတစ်ခုဖြစ်ကြောင်း၊ စာကြည့်တိုက် ပိဋကတ်တိုက်မည်သည် ရှေးသူတော်ကောင်း၊ သူမြတ်ကောင်းများ၏ အတုအယောင်ကင်းသော အမွေအနှစ်တို့ စုစည်းရာ ဌာပနာတိုက်ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း၊ စာကြည့်တိုက်ကောင်း ဆိုသည်မှာ ကမ္ဘာ့ပညာဆုံစည်းရာ ရတနာသိုက်ပင်ဖြစ်သည်ဟု ပညာရှင်များ မိန့်ဆိုခဲ့ကြောင်း" ဖြင့် ပြောကြားသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးအဖွဲ့ဝင် ဒေါက်တာဦးသော်ကောင်းက စာကြည့်တိုက်နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်း အမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းဈေးကွက်သတင်း ပြည်တွင်းဈေးကွက်သတင်း ပြည်တွင်းဈေးကွက်သတင်း

ယခုအပတ် ပြည်တွင်းပဲမျိုးစုံဈေးကွက်တွင် ပဲအမျိုးမျိုး ဈေးနှုန်းများ ကျဆင်းလျက်ရှိသလို ပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီ ဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသည်။

မတ်ပဲ။ ။ ယခုအပတ် မတ်ပဲဈေးကွက်တွင် မတ်ပဲကို သိုလှောင်သူများဖြင့် အရောင်းအဝယ်ပုံမှန်ရှိနေပြီး ပြည်ပသို့ တင်ပို့ရန်အတွက်လည်း အရောင်းအဝယ်ဖြစ်သည်။ သို့သော်လည်း ယခုအပတ် ဈေးနှုန်းကျဆင်းပြီး ယင်းသို့ ကျဆင်းရခြင်းမှာ ယခုအပတ်အစောပိုင်းက ကုန်သည်များက ဈေးမြှင့်၍ ဝယ်ယူခဲ့ကြရာ ကြိုက်ဈေးရ၍ အရောင်းများလာသဖြင့် ပြန်လည်ဈေးလျှော့ဝယ်ယူခဲ့ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်း။ ။ ပြည်တွင်း ပဲတီစိမ်းဈေးကွက်တွင် ရန်ကုန်နှင့် ပခုက္ကူပဲတီစိမ်းဈေးကွက်မှာ ယခင်အပတ်နှင့် နည်းတူ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသည်။ ပြည်တွင်းပဲတီစိမ်းကို ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက် အရောင်းအဝယ် ရှိခဲ့သော်လည်း ရောင်းချသူများသဖြင့် ဈေးနှုန်းများ ကျခဲ့ရသည်။

ပဲစင်းငုံ(နီ)။ ။ ပြည်တွင်းပဲစင်းငုံ(နီ) ဈေးကွက်တွင် ဝယ်လိုအားကောင်းနေသဖြင့် အရောင်းအဝယ်များ ဖြစ်ပေါ်လျက်ရှိသော်လည်း ရောင်းသူနှင့်ဝယ်သူ ဈေးညှိနှိုင်းမရသဖြင့် ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ကြက်သွန်နီ။ ။ ပြည်တွင်း ကြက်သွန်နီဈေးကွက်တွင် မုံရွာ၊ ပခုက္ကူနှင့် ရန်ကုန်ကြက်သွန်နီဈေးကွက်များမှာ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသည်။ မကွေးကြက်သွန်နီဈေးကွက်မှာ ယခင် တစ်ပိဿာ ကျပ် ၃၃၀ သာရှိခဲ့ရာမှ ယခု ကျပ် ၃၅၀ အထိ တက်လာခဲ့ပြီး မန္တလေး ကြက်သွန်နီဈေးကွက်မှာ ယခင် တစ်ပိဿာ ကျပ် ၃၅၀ မှ ယခု ကျပ် ၃၀၀ သို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ကြက်သွန်ဖြူ။ ။ ပြည်တွင်းကြက်သွန်ဖြူ ဈေးကွက်တွင် မန္တလေး၊ မကွေး ကြက်သွန်ဖြူဈေးကွက်မှာ ဈေးနှုန်းများ တက်လျက်ရှိပြီး အတက်အကျမရှိ တည်ငြိမ်လျက်ရှိသော ကြက်သွန်ဖြူဈေးကွက်များမှာ မုံရွာ၊ ပခုက္ကူနှင့် ရန်ကုန် ကြက်သွန်ဖြူဈေးကွက်တို့ဖြစ်ကြောင်း သိရသည်။

နိုင်လင်းကြည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ

ရန်ကုန် မေ ၁၂

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်(ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ်) မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်း စုကြည်၏နေအိမ်၌ ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေ ဆက်လက်ဖြစ်ပေါ်

နေပြည်တော် မေ ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘောလခဲမြို့နှင့် စစ်တွေမြို့တို့တွင် သုည ဒသမ ၇၉ လက်မစီ၊ ပူတာအိုမြို့တွင် သုည ဒသမ ၇၅ လက်မ၊ ကော့သောင်းမြို့တွင် သုည ဒသမ ၅၁ လက်မနှင့် လောင်းလုံမြို့တွင် သုည ဒသမ ၄၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

SSA(ရှက်ဆစ်)သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် မေ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နေ ရှမ်းတိုင်းရင်းသား စိုင်းအုန်းမြိုင် အသက်(၂၈)နှစ်သည် ကျိုင်းတောင်းမြို့သို့ နာရေးကိစ္စဖြင့်သွားရောက်ပြီး အပြန် မေ ၉ ရက် နံနက် ၉ နာရီခွဲခန့်တွင် ကျိုင်းတောင်း- မိုင်းပန်ကားလမ်း ၁၉ မိုင် ၄ ဖာလုံရှိ တံတားသို့ရောက်ရှိရာ တံတားပေါ်၌ သစ်ပင်လဲကျပိတ်ဆို့နေသဖြင့် ဆိုင်ကယ်ကိုတွန်း၍ လမ်းဘေးမှသွားစဉ် SSA (ရှက်ဆစ်) သောင်းကျန်းသူ အဖျက်သမားများထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ၎င်းနေရာ၌ပင် သေဆုံးခဲ့ကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၂

တူဒေးစာအုပ်တိုက် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ လုပ်ငန်းခွင်တွင်း မန်နေဂျာအဆင့်ဆင့်နှင့် လူငယ်များအတွက် ရည်ရွယ်ကျင်းပမည့် ဟောပြောပွဲကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ Chatrium Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဆရာအောင်သင်းက **လူငယ်၊ အလုပ်နှင့်လွတ်လပ်မှု** ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပြီး KMD Computer Group နှင့် Smart Technical Services တို့က ပံ့ပိုးကူညီမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်လိုသူများ အနေဖြင့် ဖုန်း- ၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃ နှင့် ၅၀၇၃၈၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒီပလိုမာသင်တန်းများ တက်ရောက်ရယူနိုင်

ရန်ကုန် မေ ၁၂

UK နိုင်ငံရှိ Commercial Shipping Professional များဖြင့် တည်ထောင်ခဲ့သည့် Institute of Chartered Shipbrokers(ICS) က တိုက်ရိုက်ချီးမြှင့်သော Advanced Diploma နှင့် Professional Qualifying Diploma များအတွက် လိုအပ်သည့် ဘာသာရပ်များကို School of Logistics and Supply Chain Management မှ သင်ကြားပေးလျက်ရှိရာ ICS တွင် Dry Cargo Chartering, Tanker Chartering, Ship Sale & Purchase, Ship Operations & Management, Port and Terminal Management, Port Agency, Liner Trades, Logistics & Multimodal Transport နှင့် Offshore Support Industry ဘာသာရပ်များပါဝင်ပြီး သက်ဆိုင်ရာ ဒီပလိုမာများအလိုက် အနည်းဆုံး နှစ်ဘာသာဖြေဆိုရန် လိုအပ်သည်ဟု သိရသည်။

သင်တန်းကျောင်း၌ Higher Certificate နှင့် Advanced Diploma in Shipping Business(UK) တို့ကို တက်ရောက်သင်ယူနိုင်ကြောင်း၊ Advanced Diploma in Shipping Business(UK) အတွက် Shipping Business နှင့် Logistics & Multimodal Transport နှစ်ဘာသာတို့ကို တက်ရောက်ဖြေဆို အောင်မြင်ရမည်ဖြစ်ကြောင်း။

အဆိုပါ Advanced Diploma ဘာသာရပ်နှစ်ခုအတွက် သင်တန်းကာလမှာ ခြောက်လခန့်ကြာမြင့်မည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် ဧပြီလအတွင်းတွင် ICS က တိုက်ရိုက်စစ်ဆေးသော စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး နှစ်စဉ် ဧပြီလတွင် စာမေးပွဲတစ်ကြိမ် ကျင်းပကြောင်း။

ယင်းအဆင့်မြင့်ဒီပလိုမာများ ရရှိပါက ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကုန်ပစ္စည်းထုတ်လုပ် သယ်ယူဖြန့်ချိရေးတို့ကို ကျွမ်းကျင်သည့် Professional တစ်ဦးအနေဖြင့် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အင်္ဂလန်နိုင်ငံရှိ သတ်မှတ်တက္ကသိုလ်များ၌လည်း ဘွဲ့လွန်ဒီဂရီ၊ MBA ဒီဂရီတို့ကို ထပ်မံဆည်းပူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းအတွက် တန်းခွဲသစ်ကို မေ ၁၅ ရက်(တနင်္ဂနွေနေ့) ညနေ ၅ နာရီခွဲတွင် စတင်မည်ဖြစ်ပြီး အပတ်စဉ်(၇)တန်းခွဲကိုလည်း ယင်းနေ့တွင်ပင် ဖွင့်လှစ်မည်ဖြစ်၍ စိတ်ပါဝင်စားသူများသည် တိုက်(၁) အခန်း(၃၈၊ဘီ) လှည်းတန်းလမ်းဆုံ အင်းစိန်လမ်းမ ကမာရွတ်မြို့နယ် ဖုန်း ၀၁-၅၂၇၂၄၃ နှင့် ၀၉၅၀၃၈၄၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

လှော်ကားဥယျာဉ် ကဆုန်လပြည့်နေ့ ဖွင့်မည်

ရန်ကုန် မေ ၁၂

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း မေ ၁၇ ရက် (ကဆုန်လပြည့်နေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြည်တွင်းအားကစားသတင်းများ

ရိုးမရာဇာ အပျော်တမ်းအမှတ်ပေးပြိုင်ပွဲ ACE F.C ဗိုလ်စွဲ

ရန်ကုန် မေ ၁၂

၂၀၁၁ ခုနှစ် ရိုးမရာဇာ အပျော်တမ်းအမှတ်ပေး ဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ကျင်းပသည်။

နောက်ဆုံးပွဲစဉ်တွင် ယူ-၁၉ အသင်းက ဒဂုံ F.C ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီးတွင် ACE အသင်းက ဗိုလ်စွဲသွားခဲ့ပြီး (၁၆)ပွဲကစား၊ (၁၃)ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် (၄၁)မှတ်ဖြင့် ပထမရရှိခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် ယူ-၁၉ အသင်းက ရမှတ်(၃၉)မှတ်ဖြင့် ဒုတိယနေရာရရှိခဲ့ပြီး စွမ်းအင်အသင်းက တတိယနှင့် VIVA အသင်းက စတုတ္ထတို့ ရရှိခဲ့ကြသည်။ အဆိုပါလေးသင်းစလုံးမှာ မေ ၂၅ ရက်တွင် စတင်ကျင်းပမည့် MFF CUP ရှုံး/ထွက်ဖလား ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စတုတ္ထဆုရ VIVA အသင်းအား ငွေသားကျပ် ၁၀ သိန်း၊ တတိယဆုရ စွမ်းအင်အသင်းအား ငွေသားကျပ်သိန်း ၂၀၊ ဒုတိယဆုရယူ-၁၉ အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားကျပ်သိန်း ၃၀ တို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ACE Construction Co.,Ltd. ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက ဂိုးသွင်းအများဆုံးဆုရ ကျော်ကျော်ချစ် (ACE) အား ရွှေဖိနပ်နှင့် ကျပ်ငါးသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် CEO ဦးသန်းဇော်က အကောင်းဆုံး ဘောလုံးသမားဆုရ ထွန်းမင်းလတ် (ဒဂုံ)အား ရွှေဘောလုံးနှင့် ကျပ်ငါးသိန်း၊ ရိုးမရာဇာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းဦးက ပထမဆုရရှိသည့် ACE အသင်းအား တစ်ဦးချင်းဆုတံဆိပ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ ACE အသင်းအား ဆုဖလားနှင့် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်ချီးမြှင့်သည်။

ပြည်တွင်းအားကစားသတင်းများ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ဖိုးသော်ဇင်

ရိုးမရာဇာ အပျော်တမ်းအမှတ်ပေး ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ACE အသင်းအား ဥက္ကဋ္ဌ ဦးဇော်ဇော် ဆုချီးမြှင့်စဉ်။

မြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒိုအားကစား လက်ရွေးစင်ရွေးချယ်

မန္တလေး မေ ၁၂

မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီမှ ကြီးမှူး၍ မြို့နယ်ပေါင်းစုံ တိုက်ကွမ်ဒို အားကစားလက်ရွေးစင်များ ရွေးချယ်ပွဲကို မေ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ တိုက်ကွမ်ဒိုနည်းပြချုပ် ဦးဒစ်ကီကျော်မင်းနှင့် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားစွမ်းရည်ပြသ၍ ပြိုင်ပွဲကို စတင်ကျင်းပရာ မန္တလေးမြို့ပေါ်မှ တိုက်ကွမ်ဒိုအားကစားသမားစုစုပေါင်း ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။**(ဝဲပုံ)**

ပြိုင်ပွဲအပြီး ဆုရအားကစားမောင်မယ်များအား တာဝန်ရှိသူတို့က ဆုများအသီးသီး ချီးမြှင့်ပေးကြကြောင်းနှင့် ပြိုင်ပွဲအဓိကပံ့ပိုးသည့် ဗောလ်တက်စ် (DKSH)မှ ဒဏ်ကြေလိမ်းဆေးများနှင့် အလှူရှင်များက ဂုဏ်ပြုဆုများချီးမြှင့်ကြောင်းသိရသည်။ (၄၆၉)

နိုင်ငံတကာ အနုပညာရပ်ဝန်း

ဗီယက်နမ်နိုင်ငံတွင် စူပါဖြစ်သွားသည့် စူပါဂျူနီယာ

လွန်ခဲ့သည့် ရက်သတ္တပတ်က ကိုရီးယားနိုင်ငံ၏ နာမည်ကျော် ပေါ့တေးဂီတအဖွဲ့ စူပါဂျူနီယာသည် ဗီယက်နမ်နိုင်ငံ၌ ဂီတဖျော်ဖြေပွဲတစ်ခု ကျင်းပခဲ့ရာ ပရိသတ် ၉၀၀၀ ကျော် လာရောက်အားပေးခဲ့သည်အထိ ဆွဲဆောင်နိုင်သော ဂီတဖျော်ဖြေပွဲတစ်ခု ဖြစ်ခဲ့သည်။

အက်စ်အမ် အန်တာတိတ်မန့် မီဒီယာ၏ ထုတ်ပြန်ကြေညာချက်အရ စူပါဂျူနီယာတေးဂီတအဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ Go Dau အားကစားကွင်း၌ မေ ၇ ရက်က ဂီတဖျော်ဖြေပွဲတစ်ခု ကျင်းပခဲ့ကြောင်း သိရသည်။

စူပါဂျူနီယာတေးဂီတအဖွဲ့သည် ၎င်းတို့၏ နာမည်ကျော်တေးသီချင်းများဖြစ်သည့် Sorry Sorry၊ U၊ BONAMANA တေးသီချင်းများကို စူပါဂျူနီယာအဖွဲ့ခွဲများဖြစ်သည့် စူပါဂျူနီယာ-တီ၊ စူပါဂျူနီယာ-အမ်တို့က အလှည့်ကျ သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းဂီတဖျော်ဖြေပွဲသို့ ဒေသခံဂီတအနုပညာရှင်များလည်း တက်ရောက်အားပေးသကဲ့သို့ ဒေသခံမီဒီယာများဖြစ်သည့် THANH NIEN၊ XONE FM နှင့် YAN TV တို့ကလည်း ထုတ်လွှင့်ပြသခဲ့သည်။

စူပါဂျူနီယာတေးဂီတအဖွဲ့ကို ၂၀၀၅ ခုနှစ်နှောင်းပိုင်းက စတင်ဖွဲ့စည်းခဲ့ပြီး ကိုရီးယားနှင့် အာရှတွင်သာမက ကမ္ဘာ့ဂီတလောက၌ပါ နာမည်ကျော်လူကြိုက်များသည့် လူငယ်တေးဂီတအဖွဲ့အဖြစ် ထင်ရှားကျော်ကြားလာသည်။

စူပါဂျူနီယာ တေးဂီတအဖွဲ့သည် လာမည့် မေ ၁၈ ရက်တွင် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ လည်းကောင်း ဂီတဖျော်ဖြေပွဲများ သွားရောက်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း အက်စ်အမ် အန်တာတိတ်မန့် မီဒီယာက ထုတ်ပြန်ကြေညာထားသည်။

အင်တာနက်။

အောဝမ်းစိုး

ကမ္ဘာ့ဂီတလောက၌ အောင်မြင်မှုရရှိနေသော ကိုရီးယားနိုင်ငံ၏ စူပါဂျူနီယာ တေးဂီတအဖွဲ့သားများ။

နိုင်ငံတကာအားကစားသတင်းများ

ဘင်ဖော်စတာ အင်္ဂလန်လက်ရွေးစင်အသင်းမှ အနားယူ

လန်ဒန် မေ ၁၂

ဘာမင်ဂမ်အသင်းမှ အင်္ဂလန်လက်ရွေးစင် ဂိုးသမား ဘင်ဖော်စတာသည် နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဘက်ဖော်စတာ၏ အသက်မှာ (၂၈) နှစ်သာရှိသေးပြီး ဂိုးသမားတစ်ဦးအနေနှင့်ဆိုလျှင် အဆိုပါအသက်အရွယ်မှာ ငယ်သေးကြပြီး အကောင်းဆုံးလက်စွမ်းပြနိုင်သည့် အရွယ်ပင်ဖြစ်သည်။ သို့သော် ဘင်ဖော်စတာသည် အင်္ဂလန်လက်ရွေးစင်အသင်းတွင် လက်စွမ်းပြခွင့် မရဘဲ မန်စီးတီးဂိုးသမား ဂျိုးဟတ်၏ နောက်က အရန်ဂိုးသမားအဖြစ်ဖြင့်သာ နေရခြင်းကို စိတ်ပျက်လာသည်။ ထို့ပြင် ၎င်းက မကြာခဏ ဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရခြင်း၊ လိဂ်ပွဲများအပြီးတွင် စိတ်လွတ်ကိုယ်လွတ် အနားယူလိုသော်လည်း နိုင်ငံအသင်းပွဲများနှင့် နားချိန်မရခြင်း၊ ဘာမင်ဂမ်အသင်းအတွက် ယခုထက်ပိုမိုပေးဆပ်လိုခြင်းတို့ကြောင့် အနားယူရခြင်းဖြစ်သည်ဟု ဆိုသည်။



ဘင်ဖော်စတာ**(အပေါ်ပုံ)**သည် ယခင်အသင်းဟောင်း မန်ယူတွင် လက်စွမ်းပြနိုင်ခဲ့သကဲ့သို့ လက်ရှိဘာမင်ဂမ်အသင်းတွင်လည်း မရှိမဖြစ် အားထားရသည့် ဂိုးသမားတစ်ဦးဖြစ်သည်။ ၎င်းက မိမိအနေဖြင့် နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူလိုက်ပြီဟု ဆိုသော်လည်း အင်္ဂလန်အတွက် အမြဲတမ်းတံခါးပိတ်ထားမည်မဟုတ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ***အင်တာနက်။***

ဝီလျံဂါးလက်စ် စပါးအသင်းတွင် မပျော်ရွှင်

လန်ဒန် မေ ၁၂

အာဆင်နယ်၊ ချယ်လ်ဆီးစသည့် ပရီမီယာလိဂ်အသင်းကြီးများတွင် ကျင်လည်ခဲ့ဖူးသည့် ဝီလျံဂါးလက်စ်**(အောက်ပုံ)**

သည် လက်ရှိကစားနေသည့် စပါးအသင်းတွင် ပျော်ရွှင်မှုမရှိတော့ကြောင်း ထုတ်ဖော်ပြောကြားလာသည်။

ဝီလျံဂါးလက်စ်အနေဖြင့် စပါးအသင်းတွင် မပျော်ရွှင်နိုင်တော့သည့် အဓိကအကြောင်းရင်းမှာ လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်မရရှိတော့ခြင်းကြောင့်ဟု ဆိုသည်။ ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းအနေဖြင့် ချန်ပီယံလိဂ်တွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းက ပထမဦးဆုံးအချိန် ဖြစ်သည်။ လာမည့်နှစ်အတွက် ထိုအခွင့်အရေးမျိုးရရှိတော့မည်မဟုတ်ပေ။

ဥရောပပြိုင်ပွဲများကစားလိုသည့် ဝီလျံဂါးလက်စ်က "ကျွန်တော်တို့အသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အခွင့်အရေးတွေအများကြီးရခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့ဘဲ အမှားတွေအများကြီး လုပ်ခဲ့ပါတယ်။ အသင်းမှာရှိတဲ့ ကစားသမားတွေကမောက်ကမဖြစ်ခဲ့ရတာဟာ အသင်းရဲ့ ကျရှုံးမှုပါ။ စပါးဟာ တောင့်တင်းတဲ့ အသင်းကြီးတစ်သင်းဆိုတာတော့ ကျွန်တော်မမေ့ပါဘူး" ဟု ပြောကြားသည်။ ***အင်တာနက်။***

နိုင်ငံတကာအားကစားသတင်းများ

အေစီမီလန်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်။

အီဗရာဟီမိုဗစ်ချ် အသင်းပြောင်းမည်မဟုတ်ဟု အေးဂျင့်ဆို

မီလန် မေ ၁၂

အေစီမီလန်အသင်းနှင့်အတူ အီတလီစီးရီးအေဖလား ပူပူနွေးနွေး ဆွတ်ခူးရရှိထားသည့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် လာမည့်နှစ်ဘောလုံးရာသီတွင် မည်သည့်အသင်းကိုမှ ပြောင်းရွှေ့မည်မဟုတ်ဟု ၎င်း၏ အေးဂျင့်က ဆိုသည်။

အသက်(၂၉)နှစ်ရှိ အီဗရာဟီမိုဗစ်ချ်မှာ မန်စီးတီးအသင်း၏ အဓိကပစ်မှတ်ထားခြင်းခံရသူဖြစ်သည်။ မန်စီးတီးနည်းပြ မန်စီနီက လာမည့်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် အာဆင်နယ်အသင်းမှ ဖာဘရီဂက်စ်နှင့် အေစီမီလန်အသင်းမှ အီဗရာဟီမိုဗစ်ချ်တို့ကို ခေါ်ယူသွားမည်ဟု လေသံလွှင့်ပြီးနောက်တွင် ၎င်း၏ အေးဂျင့်က ပြန်လည်တုံ့ပြန်လာခြင်း ဖြစ်သည်။ "အီဗရာဟာ အေစီမီလန်ကို စွန့်ခွာပြီး အဝေးကြီးကို ထွက်ခွာသွားမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ အေစီမီလန်ဟာ ပြည့်စုံမှုရှိတဲ့ ဥရောပအသင်းကြီးတစ်သင်းဖြစ်လို့ပါ"ဟု အေးဂျင့်က ပြောကြားခဲ့သည်။ ***အင်တာနက်။***

ဘာစီလိုနာ စပိန်လာလီဂါချန်ပီယံဖြစ်

ဘာစီလိုနာ မေ ၁၂

နည်းပြဂွါဒီယိုလာ၏ ဘာစီလိုနာအသင်းသည် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုပွဲစဉ်(၃၆)အပြီးတွင် စပိန်လာလီဂါချန်ပီယံဖြစ်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ကြာသပတေးနေ့ နံနက်ပိုင်းက ပွဲစဉ်(၃၆)အဖြစ် လီဗန်တေးကို အဝေးကွင်းသွားရောက်ကစားခဲ့ရသည့်ပွဲတွင် တစ်ဂိုးစီသရေကျကာ တစ်မှတ်ရပြီး ဒုတိယနေရာမှ ရီးယဲလ်မက်ဒရစ်ကို ဂိုးကွာခြားချက် ၁၂ ဂိုးနှင့်အတူ ခြောက်မှတ်အသာရကာ ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရာသီအကုန်တွင် မော်ရင်ဟို၏ ရီးယဲလ်မက်ဒရစ်အသင်းမှာ ဒုတိယနေရာဖြင့်သာ ကျေနပ်ရမည်ဖြစ်ပြီး ဗလင်စီယာအသင်းမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရန် အကောင်းဆုံးအနေအထားတွင် ရှိနေသည်။

အင်တာနက်။

ဟန်သစ်

ပြည်သူ့ထံမှ ပေးစာများ

ကျေးရွာဈေးအတွင်း ညအိပ်နေသူများ ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

မိတ္ထီလာမြို့နယ် တောမ(စံပြ)ကျေးရွာဈေးအတွင်း ညအိပ်လူနေအိမ်များ စည်းကမ်းမဲ့ ဆောက်လုပ်နေထိုင်ခြင်း၊ စင်တင်ဘီယာဆိုင် ပြောင်ပြောင်ဖွင့်နေခြင်းတို့ကြောင့် ဈေးမီးဘေးအန္တရာယ်စိုးရိမ်ရသည့်အပြင် ကျေးလက်နေလူငယ်များ စာရိတ္တပျက်စီးစေနိုင်ပါသည်။

သို့ဖြစ်ပါ၍ စိစစ်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရွာသူရွာသားများ

အမှိုက်ပုံနှင့် မီးဘေးအန္တရာယ်စိုးရိမ်ဖွယ်

စာတည်းရှင့်-

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျအိမ်ရာဝင်း အမှိုက်ပုံကြီးမှ နေ့စဉ် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ အဆိုပါ အမှိုက်ပုံကြီး၏ ဘေးပတ်လည်တွင် နေအိမ်များ၊ တိုက်ခန်းများရှိနေပါ၍ မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၅-၉-၂၀၁၀ ရက်နေ့ ထုတ်ကြေးမုံသတင်းစာပါ မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာ ဇာကဒွန်းရပ်မှ ရေစီးရေလာကောင်းမွန်စေလိုပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၅-၂၀၁၁

ဘောလခဲ	သုည	ဒသမ	၇၉	လက်မ
စစ်တွေ	သုည	ဒသမ	၇၉	လက်မ
ပူတာအို	သုည	ဒသမ	၇၅	လက်မ
ကော့သောင်း	သုည	ဒသမ	၅၁	လက်မ
လောင်းလုံ	သုည	ဒသမ	၄၃	လက်မ

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းနှင့် ပြည်ထောင်စုဝန်ကြီးများအား ကုလသမဂ္ဂအထူးကိုယ်စားလှယ် သီးခြားစီ သွားရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်းအား မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် မစ္စတာဘီရှိုးပါရာဂျူလီ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ယင်းနောက် နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့သွားရောက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသို့ သွားရောက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား လည်းကောင်း တွေ့ဆုံသည်။

သွားရောက်တွေ့ဆုံ

ထို့နောက် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးအား သွားရောက်တွေ့ဆုံသည်။

မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

လှမ်းလာခဲ့ပါ . . .

ရှုသံတောင် အပန်းဖြေစခန်းသာ

အပန်းဖြေအနားယူလိုသူများ နေ့စဉ်လာရောက်ကြသည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သံတောင်မြို့ကလေးအား သဘာဝရေမြေအနေအထားအရ စိမ်းလန်းစိုပြည်နေသော တောင်တန်းများက ဝန်းရံပေးထားသည်။ စိမ့်စမ်းရေတံခွန်၊ ချောင်းငယ်၊ မြောင်းငယ် အများအပြားရှိသည့်အနက် ၁၃ မိုင်ပသီချောင်းကလေးမှာ နေ့စဉ် လာရောက်လည်ပတ်ကြသူများအတွက် အပန်းဖြေစရာ။

ကေတုမတီ တောင်ငူမြို့မှ အရှေ့ဘက် ၁၃ မိုင်အကွာရှိ သံတောင်မြို့ကလေးသို့ သွားရာလမ်းတစ်လျှောက်တွင် တိုင်းရင်းသားတို့၏ ကျေးရွာများ၊ လူနေမှုဘဝများ၊ သစ်သီးသစ်ပင်နှင့် ကျွန်းစိုက်ခင်းများကို လှပစွာမြင်တွေ့နိုင်သကဲ့သို့ စိမ်းလန်းသော တောတောင်များမှ ဖြတ်သန်းတိုက်ခတ်လာသည့် လေကို ရှူရှိုက်ခွင့်ရသူများအားလုံး စိတ်လက်ပေါ့ပါးကြည်လင် လန်းဆန်းစေသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့